ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဦးတန်ခူးလကွယ်၊ တနင်္ဂနွေနေ့၊ (18-4-2004)(၄၂၀၇)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်း

ရန်ကုန်　　ဧပြီ　　၁၇

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းသည့် မင်္ဂလာအခမ်းအနားကို ယနေ့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက် ၆နာရီခွဲတွင် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ကျင်းပသည်။

ကြည်ညိုပူဇော်

မင်္ဂလာအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂေါပက အဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ သောက်တော်ရေချမ်းများဖြင့် ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းသည့် မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။ ထိုအချိန်တွင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရှိန်အောင်ဗိုလ်က သဗ္ဗဓေယျာမင်္ဂလာ အောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းနိုင်ရန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား လက်ယာရစ်ပူဇော်ပြီး သတ်မှတ်နေရာ၌ နေရာယူကြသည်။

ဆက်ကပ်လှူဒါန်း

မင်္ဂလာအခါတော်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်္ဂလာအောင်အိုးတော်ကို ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်နှာသစ်တော်ရေတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်သည်။ ထိုအချိန်တွင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရှိန်အောင်ဗိုလ်က "ဆုတောင်းပြည့် အနန္တသုခ ရတနာဒီပ" ဂါထာတော်ဖြင့် ရွတ်ဖတ်ပူဇော်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳



လှူဒါန်း ပူဇော်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်နှာသစ်တော်ရေဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်စဉ်။

(သတင်းစဉ်)

၁၃၆၆ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အခါတော်နေ့ ရန်ကုန်မြို့တော်တစ်ခွင်လုံး နှစ်သစ်မင်္ဂလာကုသိုလ်ပြု

ရန်ကုန်　　ဧပြီ　　၁၇

ယနေ့သည် မြန်မာနှစ်သစ်ဖြစ်သော ၁၃၆၆ခုနှစ်၏ နှစ်ဦးအစဖြစ်သည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ ဤနှစ်ဆန်းတစ်ရက် အခါသမယတွင် ဗုဒ္ဓဘာသာဝင် မြန်မာတို့သည် မြတ်ဗုဒ္ဓ၏ လောကီ၊ လောကုတ္တရာ ကောင်းကျိုးမင်္ဂလာကို ဖြစ်ထွန်းစေသည့် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့်အညီ မိမိတို့၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ စောင့်ထိန်းကြလျက် မကောင်းမှုတို့ကို ရှောင်ကြဉ်ကာ ကုသိုလ်တရားတို့၌ မမေ့မလျော့ လုံ့လပြုခြင်းစသည့် ကောင်းမြတ်သော မင်္ဂလာအမှုတို့ကို ပြုကြသဖြင့် နှစ်ဆန်းတစ်ရက်ကို နှစ်သစ်မင်္ဂလာအခါတော်နေ့ဟူ၍လည်း ကမ္ပည်းတင်ကြသည်။

ကုသိုလ်ပြု

နှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အခါတော်နေ့တွင် ရန်ကုန်မြို့တော် မြို့နယ်အသီးသီးရှိ ရပ်ကွက်များ၌ ဂါရဝေါ စ နိဝါတောစ မင်္ဂလာတော်နှင့်အညီ သက်ကြီးပူဇော်ခြင်း၊ ဒါနဉ္စမင်္ဂလာနှင့်အညီ မြန်မာ့ရိုးရာ အစားအစာ၊ အအေး စသည်တို့ကို ကျွေးမွေးလှူဒါန်းသည့် စတုဒိသာအာဟာရဒါနပြုခြင်း၊ သားငှက် တိရစ္ဆာန်များကို ဇီဝိတဒါန၊ အဘယဒါနအဖြစ် ဘေးမဲ့လွှတ်ခြင်း၊ သမဏာနဉ္စ ဒဿနံ မင်္ဂလာနှင့်အညီ ရဟန်းသံဃာများအား ဖူးမြော်ကြည်ညို၍ ပရိတ်တရား ရွတ်ဖတ်ခြင်းနှင့် ကမ္မဝါရွတ်ဖတ်ခြင်းတို့ကို နာကြားခြင်း စသည့် ကုသိုလ်ပုညများ ပြုစုဆည်းပူးကြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ●

ယနေ့ထုတ်စောင်ရေ ၁၉၇၈၁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၈–၄–၂၀၀၄
(တနင်္ဂနွေနေ့)

ရေအားလျှပ်စစ်စီမံကိန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံထောင့်စုံက အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အထူးသဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံထူထောင်ရေး၌ လျှပ်စစ်ဓာတ်အားအပါအဝင် စွမ်းအင်ကဏ္ဍသည် မရှိမဖြစ်အရေးပါနေသည်။

ထို့ကြောင့် လျှပ်စစ်စွမ်းအား ထုတ်လုပ်ပေးနိုင်မည့် လျှပ်စစ်ဓာတ်အားစီမံကိန်းများကို စနစ်တကျချမှတ်ပေးပြီး ကြီးကြပ်အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင်ဦးစီးသည့် နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းဦးဆောင်ကော်မတီနှင့် နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့သည်။

နိုင်ငံတော်တွင် စီးပွားရေးတိုးတက်လာမှုနှင့်အတူ ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း ပြောင်းလဲတိုးတက်လာသည့်အတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အကြမ်းဖျင်းအားဖြင့် နှစ်စဉ် ၁၅ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိနေကြောင်းသိရသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် နိုင်ငံတော်၏ ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကို အခြေခံလျက် လက်ရှိတတိယငါးနှစ်စီမံကိန်းကာလ၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ထပ်မံတိုးချဲ့ထုတ်လုပ်နိုင်ရန် လမ်းညွှန်မှုပေးပြီး ရေအားလျှပ်စစ်စီမံကိန်းများကို ဦးစားပေးထူထောင်ရန် တာဝန်ပေးထားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီလ ၁၀ ရက်က စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်ရှိ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းဆိုင်ရာလိုအပ်ချက်များ အမြန်ဆုံးဖော်ထုတ်သွားရန် မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သက်ဆိုင်ရာတာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားရာတွင် **ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းအဆင့်ဆင့်ရှိသည့်အနက် ဤရွှေစာရေးကျေးရွာပတ်ဝန်းကျင်၌ အကောင်အထည်ဖော်မည့် ရေအားလျှပ်စစ်စီမံကိန်းသည် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ မုံရွာဒေသအနောက်ဘက်ကမ်းနှင့် ပခုက္ကူခရိုင်အတွင်းရှိဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ယင်းဒေသရှိ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားသာမက ချင်းတွင်းမြစ်မှတစ်ဆင့် စိုက်ပျိုးရေရရှိပြီး သမားရိုးကျတစ်သီးစားဘဝမှ နှစ်သီးစား၊ သုံးသီးစားဘဝသို့ ရောက်ရှိ၍ ဝင်ငွေတိုးတက်ကာ လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်ကြောင်း၊ ဒေသပတ်ဝန်းကျင်သည်လည်း စိမ်းလန်းစိုပြည်လာမှာဖြစ်ကြောင်း** ပြောကြားသွားသည်။

ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းသည် ချင်းတွင်းမြစ်တစ်လျှောက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ရေအားလျှပ်စစ်စီမံကိန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။

နိုင်ငံတစ်ဝန်းတွင်ရှိသော မြစ်ချောင်းများ၏ နှစ်စဉ်ရေစီးဆင်းမှုပမာဏသည် ဧကပေ ၈၇၆သန်းကျော်ရှိသည့်အနက် ကျွမ်းကျင်သူများ၏ လေ့လာတိုင်းထွာမှုအရ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်နေရာပေါင်း ၂၆၈ ခု၊ ဓာတ်အားမဂ္ဂါဝပ် ၄၀၀၀၀ နီးပါးခန့် ထုတ်လုပ်နိုင်မည်ဟု သိရသည်။ လောလောဆယ်တွင်မူ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၃၉၀ခန့်သာ ထုတ်လုပ်နိုင်သဖြင့် တည်ဆောက်သွားနိုင်မည့် ရေအားလျှပ်စစ်စီမံကိန်း များစွာကျန်ရှိနေသေးသည်ကို တွေ့ရသည်။

ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်းပြီးစီးသွားပါက မုံရွာဒေသရှိ သတ္တုမိုင်း စီမံကိန်းများနှင့် စက်ရုံ၊ အလုပ်ရုံများအတွက် လျှပ်စစ်ဓာတ်အားရရှိစေရုံသာမက မဟာဓာတ်အားလိုင်းစနစ်မှတစ်ဆင့် အခြားဒေသများသို့ပါ လျှပ်စစ်ဓာတ်အား ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က အလေးထားအကောင်အထည်ဖော်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးက ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ မြန်မာနှစ်ဆန်းတစ်ရက်နေ့နှစ်သစ်မင်္ဂလာအလှူဒါနကျင်းပ

ရန်ကုန် ဧပြီ ၁၇

မြန်မာသက္ကရာဇ်၁၃၆၆ခုနှစ် ယနေ့မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာအလှူဒါနအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ဝန်ထမ်းမိသားစုများက ဗဟန်းမြို့နယ် အလယ်တောရ စံပြစာသင်တိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသအမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်၅နာရီခွဲ တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ(ပထမထပ်)ရှိ မုခ်ဦးဆောင်အခန်းအမှတ် (မ–၁၀၅)နှင့်(မ–၁၀၆)တို့၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလယ်တောရ စံပြစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဂန္ဓမာလာဘိဝံသ အမှူးပြုသော ပင့်သံဃာတော် ၁၅ပါးတို့ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဗဟိုရုံးများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး အလယ်တောရ စံပြစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

အမျှပေးဝေ

ထို့နောက် ဆရာတော် သံဃာတော်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဗဟိုရုံးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဗဟန်းမြို့နယ် အလယ်တောရ စံပြစာသင်တိုက်ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ဝန်ထမ်းမိသားစုများသည် တာဝန်ရှိသူများ ကြီးကြပ်လိုက်ပါ၍ မော်တော်ယာဉ်များဖြင့် လှော်ကားရေလှောင်ကန်သို့ သွားရောက်ကြပြီး ငါးကောင်ရေ ၂၅၀၀ကို ရေလှောင်ကန်အတွင်းသို့ ဇီဝိတဒါန သက်လွှတ်ပေးကြသကဲ့သို့ စာကလေးငှက်ကောင်ရေ ၃၀၀နှင့် ကြက်တူရွေးတစ်ကောင်တို့ကိုလည်း ဇီဝိတဒါန သက်လွှတ်ပေးကြသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ဝန်ထမ်းမိသားစုများသည် မင်္ဂလာဒုံရှိ တပ်မတော်ဆေးရုံကြီးသို့ သွေးလှူဒါန်းရန် သွားရောက်ကြသည်။

ရှေးဦးစွာ စုဝေးခန်းမ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူး ဦးအောင်သိမ်းက သွေးလှူဒါန်းရခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုသမှု အကူဌာနကြီးမှူး ဗိုလ်မှူးကြီးမျိုးညွန့်က ကျေးဇူးတင်စကားပြောကြားပြီး ရောဂါဗေဒပါရဂူ ဗိုလ်မှူးဒေါ်သင်းသင်းနွယ်က သွေးလှူဒါန်းခြင်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုသမှု အကူဌာနကြီးမှူး ဗိုလ်မှူးကြီးမျိုးညွန့်ကသွေးလှူဒါန်းသည့် ဂုဏ်ပြုမှတ်တမ်းကို ပေးအပ်သည်။

ယင်းနောက် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ဆေးဝါးကုသမှု ခံယူနေကြသော တပ်မတော်သားလူနာများအတွက် ဝန်ထမ်းမိသားစု ၇၁ဦးတို့က ဇီဝိတဒါနအဖြစ် စုပေါင်းသွေးလှူဒါန်းကြသည်။ (သတင်းစဉ်)

မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာအလှူဒါနအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ဝန်ထမ်းမိသားစုများက ငှက်များကို ဇီဝိတဒါန သက်လွှတ်ပေးကြစဉ်။
(သတင်းစဉ်)

ကုန်သည်/ စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ရခိုင်ပြည်နယ်ကုန်သည်/ စက်မှုအသင်း အမှုဆောင်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဧပြီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ရခိုင်ပြည်နယ် ကုန်သည်/စက်မှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးရွှေထွန်းမောင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၁၀ရက် နံနက် ၉နာရီတွင် ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ရခိုင်ပြည်နယ် ကုန်သည်/စက်မှုအသင်းအနေဖြင့် ခရိုင်နှင့်မြို့နယ်အသင်းအသင်းဝင်များကို စနစ်တကျ ပညာပေးစည်းရုံးပြီး နိုင်ငံတော်မှချမှတ်ထားသော ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့် အညီ ပို့ကုန်/သွင်းကုန် ကိစ္စများကို ဆောင်ရွက်ကြရန်၊ မှန်ကန်သော သတင်းအချက်အလက်များကို သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြကြရန်၊ မိမိတို့တင်ပို့သော ကုန်ပစ္စည်းများ၏ အရည်အသွေးများ ကောင်းမွန်ရေးကို အဓိကထားဆောင်ရွက်ကြရန်နှင့် ပြုပြင်ပြီး တန်ဖိုးမြင့် (Value Added) ကုန်ပစ္စည်းများကို အဓိကထား တင်ပို့ကြရန် ဆွေးနွေးပြောကြားသည်။

ရခိုင်ပြည်နယ် ကုန်သည်/စက်မှုအသင်း အမှုဆောင်အဖွဲ့က အသင်း၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များ တင်ပြကြပြီး တင်ပြချက်များကို အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြန်လည်ဆွေးနွေးပြောကြားသည်။ (သတင်းစဉ်)

နှစ်သစ်အခါမင်္ဂလာ

* နှစ်သစ်အခါ၊မင်္ဂလာတည့်
ခုခါနှစ်ဟောင်း၊ ကျန်ခဲ့ညောင်းပြီ
ဟောင်းသစ်နှစ်ခု၊ဖြစ်တည်မှုကား
ရှေးရှုထာဝရ၊ မကြာလှထင့်
ကာလရထား၊ မရပ်နားဘဲ
တို့အား သယ်ဆောင်ခဲ့ချေပြီ။
* တရားသိခြင်း၊ မသိခြင်းနှင့်
စာနာကြည့်ခြင်း မကြည့်ခြင်းနှင့်
မေတ္တာရှိခြင်း၊မရှိခြင်းတို့
ပက်ပင်းကြုံရ၊ ဆုံခဲ့ကြသော
လောကဘုံသား တို့အများလျှင်
မှားသည်လည်းရှိနိုင်ပါသည်။
မှန်သည်လည်းရှိပါလိမ့်မည်။
* အို...နှစ်သစ်အခါ၊ မင်္ဂလာမို့
နှစ်သစ်အခါ၊ အကြင်နာနှင့်
နှစ်သစ်အခါ၊ အသင်လာလော့...
ရွာမှုရပ်ရေး၊ ပါဝင်တွေးလျက်
ဝေးရာမှနီး၊ တို့ခရီးကို
ပေါင်းစည်းလက်များ၊ ညီညွတ်အားဖြင့်
အမှားရှိလျှင်၊ အမှန်ပြင်စို့
အမြင် ထောင့်က၊ ဖြောင့်ပါကြစို့
ဘဝအနှစ်၊ အလှစစ်ကို
ဖွေလှစ်တင့်ဆန်း၊ ဆင့်ဆင့်ကမ်းဖို့
ချစ်ပန်းဝေဆာ ပွင့်စေရာ။
စွမ်းနိုင်သမျှ စွမ်းဆောင်ပါ။
နှစ်သစ်အခါ မင်္ဂလာ။

မြင်းမူမောင်နိုင်မိုး

ကမ္ဘာ့မြင်ကွင်းတွင် ထင်လင်းလာတော့မည့် အမျိုးသားကန်တော်ကြီးဥယျာဉ်

တက္ကသိုလ်တင်ခ

စာရေးဆရာကြီး မောရစ်ကောလစ်သည် လွန်ခဲ့သောနှစ်ပေါင်း ၈၀ ကျော်ခန့်က ပြင်ဦးလွင်ကို တောင်စခန်းမြို့အဖြစ် တည်ဆောက်နေဆဲ အခြေအနေကို ဤသို့ ရေးသားခဲ့သည်။ "ကျွန်တော်ဟာ မေမြို့အနာဂတ် စီမံကိန်းတွေနဲ့ အတော်အလုပ်ရှုပ်နေပါတယ်၊ မေမြို့ဧရိယာတစ်ခုလုံးကို အကွက်ရိုက်ပြီး ဘိုင်လောဥပဒေကို ထုတ်ပြန်ဖို့ကြိုးစားနေပါတယ်၊ ဒါမှ ကိုယ့်ဝင်းကိုယ့်ခြံနဲ့ တကယ်ကောင်းတဲ့ မြို့တစ်မြို့ပေါ်လာမှာပဲ" စသည်ဖြင့် ကမ္ဘာကျော်စာရေးဆရာကြီး မြန်မာပြည်အရေးပိုင်ဟောင်း မောရစ်ကောလစ်က သူရေးခဲ့သော The Journey out ward စာအုပ်တွင် ပြင်ဦးလွင်အကြောင်း ရေးသားထားပုံမှာ စိတ်ဝင်စားစရာကောင်းလှပါသည်။

ကမ္ဘာကျော် စာရေးဆရာကြီး မောရစ်ကောလစ် စိတ်ကူးယဉ်ခဲ့သော အိပ်မက်မြင်ကွင်းသစ် ယခုထင်လင်းလာခဲ့ပါပြီ။ ၁၉၁၈ ခုနှစ်တွင် စတင်တည်ထောင် ဖွင့်လှစ်ခဲ့သော ပြင်ဦးလွင်အစိုးရ ရုက္ခဗေဒဥယျာဉ်ကို အဆင့်မြင့်မွမ်းမံပြုပြင် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် ပြင်ဦးလွင်အမည်ဖြင့် ၂၀၀၁ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

မန္တလေးတိုင်း ပြင်ဦးလွင်မြို့တွင် ပထမအဆင့် အဆင့်မြင့်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသည့် အမျိုးသားကန်တော်ကြီးဥယျာဉ် ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၈ ရက်နေ့ နံနက်က အဆိုပါဥယျာဉ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ချီးမြှင့်ပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် ကမွည်းမှတ်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ကို ၁၉၁၈ ခုနှစ်တွင် မေမြို့ အစိုးရ ရုက္ခဗေဒဥယျာဉ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ သက်တမ်း နှစ်ပေါင်း ၈၀ ကျော်ခဲ့ပြီဖြစ်ပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်ကို အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပ သစ်မျိုးများ၊ ဝါးမျိုးများ၊ သစ်ခွ၊ ရွက်လှစသည့် သစ်ပင်ပန်းပင်များ စုဆောင်း စိုက်ပျိုးထားရှိသည်။ ယင်းဥယျာဉ်တွင် ရှားပါးတိရစ္ဆာန်များဖြစ်သည့် သားမင်း၊ ရွှေသမင်၊ ကြယ်လိပ်၊ ဒေါင်းစိမ်း၊ ဒေါင်းဖြူတို့ မွေးမြူပြသထားသည့်အပြင် စိမ်းလန်းစိုပြည်သာယာလှပရေးကိုလည်း ဆောင်ရွက်ထားရှိသည်။

ခေတ်မီအဆင့်မြင့် နန်းမြင့်မျှော်စင်ကြီးကိုလည်း တည်ဆောက်ထားရှိရာ နန်းမြင့်မျှော်စင်မှ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုနိုင်ကြမည် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်ရှိ နန်းမြင့်မျှော်စင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

မြန်မာနိုင်ငံရှိသစ်မျိုးစုံ၊ ဝါးမျိုးစုံ၊ ပန်းပင်မျိုးစုံတို့ကို အမျိုးသားကန်တော်ကြီးဥယျာဉ် တစ်နေရာတည်းတွင် စုစုစည်းစည်း လေ့လာမှတ်သားကြည့်ရှုနိုင်အောင် ပြည့်ပြည့်စုံစုံ စုဆောင်းပြသထားရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းအလိုက် ထင်ထင်ရှားရှားတည်ရှိသည့် Natural Land Mark များ၏ ပုံတူများကို ကြည့်ချင်စဖွယ်၊ ဗဟုသုတဖြစ်ဖွယ်၊ လည်ချင်စဖွယ်ဖြစ်အောင် စီစဉ်ပြသသွားရန်လည်းလိုကြောင်း၊ တဖြည်းဖြည်း Land mark Garden of Myanmar ဖြစ်အောင်၊ ထင်ရှားကျော်ကြားသည့် ဥယျာဉ်ကြီးတစ်ခုဖြစ်အောင်၊ ပျော်ရွှင်ချမ်းမြေ့ ကြည်နူးစွာဖြင့် လေ့လာအပန်းဖြေနိုင်သည့် ဥယျာဉ်ကြီးတစ်ခု ဖြစ်အောင် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းတည်ဆောက်သွားရန် ဖြစ်ကြောင်း မှာကြားခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၀၀၄ ခုနှစ် ဧပြီ ၁၃ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ရှေးဦးစွာ ရှင်းလင်းဆောင်၌ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လမ်းညွှန်ချက်များနှင့်အညီ အမျိုးသားကန်တော်ကြီးဥယျာဉ်ကို အဆင့်မြင့်မွမ်းမံပြင်ဆင်ဆောင်ရွက်ခဲ့မှုများနှင့် သစ်မျိုး၊ ဝါးမျိုး၊ သစ်ခွမျိုး၊ ပန်းမျိုးများ စုံလင်အောင် စုဆောင်းစိုက်ပျိုးထားမှု၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ပြည်နယ်၊တိုင်းအလိုက် ထူးခြားစွာ တည်ရှိနေမှုများကို သရုပ်ဖော်ထားသည့် Natural Land Marks Garden တည်ထောင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ဥယျာဉ်အတွင်း နန်းမြင့်မျှော်စင်တည်ဆောက်ဖွင့်လှစ်ခဲ့ရာ နန်းမြင့်မျှော်စင်သို့ လာရောက်လေ့လာကြမှု၊ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ပြည်တွင်း၊ ပြည်ပမှတိုးတက်လာရောက်လျက်ရှိသည့် ဧည့်သည်များ အခြေအနေနှင့် ဝင်ငွေတိုးတက်ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **အမျိုးသားကန်တော်ကြီးဥယျာဉ်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ရာ ယခုအခါ အရှိန်အဟုန်ရရှိနေပြီဖြစ်သဖြင့် ပို၍ပြည့်စုံစေအောင်၊ ပို၍ သာယာကြည်နူးဖွယ်ရာ၊ လေ့လာဖွယ်ရာဖြစ်အောင် အစဉ်ပြုပြင်မွမ်းမံဖြည့်ဆည်းနေရန်လိုကြောင်း၊ ယခင် မိမိရောက်ရှိစဉ် မှာကြားခဲ့သည့် လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ပြည့်စုံအောင် အကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း၊ သာယာကြည်နူးဖွယ်ရာ အပန်းဖြေစရာ၊ လေ့လာမှတ်သားဖွယ်ရာ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့်စပ်လျဉ်း၍ ပြည်သူအများက ကျယ်ကျယ်ပြန့်ပြန့်သိရှိနေပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုလာရောက် လေ့လာခြင်းဖြင့် တစ်ဖက်တစ်လမ်းမှလည်း ဝင်ငွေတိုးတက်မှုရရှိအောင် စီမံဆောင်ရွက်ကြရန် ဖြစ်ကြောင်း** မှာကြားလမ်းညွှန်ခဲ့သည်။

ကမ္ဘာကျော် စာရေးဆရာကြီးမောရစ်ကောလစ်သည် မြန်မာနိုင်ငံအကြောင်း သိကောင်းစရာအဖြာဖြာကို သူ့ခေတ်သူ့အခါ သူ့စာဖြင့် ရေးသားဖော်ပြထားခဲ့ပါသည်။ ယခုအခါ ပြင်ဦးလွင်သည် အသွင်ထူးမြင်ကွင်းဖြင့် ထင်လင်းပွင့်သစ်ခဲ့ပါပြီ။

အထူးသဖြင့် အမျိုးသားကန်တော်ကြီးဥယျာဉ် ပြုပြင်မွမ်းမံမှုသည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်ကောင်းမွန်တိုးတက်လာပါသည်။ ပြည်တွင်း သစ်မာမျိုး ၄၈၂ မျိုး အပြင် ပြည်ပသစ် ၆၇ မျိုး တိုးတက်စုဆောင်းနိုင်ပါပြီ။ ကမ္ဘာ့ရှားပါး စာရင်းဝင် ဇာမဏီငှက်အထီး၊ အမ တစ်စုံရှိနေပါပြီ။ ပြည်ပငှက်မျိုး ၁၆ မျိုးထိ တိုးတက် ရရှိထားနိုင်ပါပြီ။ ကမ္ဘာ့ရှားပါး စာရင်းဝင် သားမင်းလေးကောင် မွေးမြူထားရာ မျိုးပွားရန် အရွယ်ရောက်ရှိနေပြီ ဖြစ်ပါသည်။

ကမ္ဘာကျော် စာရေးဆရာကြီးမောရစ်ကောလစ် စိတ်ကူးယဉ်အိပ်မက်မြင်ကွင်းသည် ယခုအခါ လက်တွေ့အကောင်အထည်ပေါ်လာခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံအစိုးရ၏ အမျိုးသားဥယျာဉ်သည် ကမ္ဘာ့မြင်ကွင်းတွင် ထင်လင်းသာယာလှပသည့် ရုက္ခဗေဒဥယျာဉ်ကြီးအဖြစ် ဆန်းသစ် ထင်ရှားလာတော့မည်ဟု ယုံကြည် မျှော်လင့်ထားပါသည်။ ။

ဧပြီ ၁၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ပြည်သူများလာရောက်အပန်းဖြေမှုကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈–၄–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဇောတိကရားတော် "၆၂ ပါးသော မိစ္ဆာဒိဋ္ဌိများ"**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၄:၃၀** ၅။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** – The Importance of Money (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
- **၆:၀၀** ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၇။ နိုင်ငံတကာသတင်း
- **၆:၂၀** ၈။ မိုးလေဝသသတင်း
- **၆:၂၅** ၉။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး" (အပိုင်း–၉)**
- **၈:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၁၅။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း–၃၃)**
- ၁၇။ သင့်အတွက်မနက်ဖြန်
- ၁၈။ အပိတ်နှုတ်ဆက်စကား
- ၁၉။ ပြီးပါပြီ

ဓားစာခံများကိစ္စ ကန်ကိုင်တွယ်မှု ဥရောပနိုင်ငံများ မကျေမနပ်ဖြစ်လျက်ရှိ

ဘဂ္ဂဒက် ဧပြီ ၁၅

အီရတ်တွင် အမေရိကန် ဦးဆောင်သည့် လုပ်ရပ်များအား ဖြိုခွဲရန် အီရတ်တိုက်ခိုက်ရေးသမားများ၏ မြားဦးသည် အရပ်သားများအား ပြန်ပေးဆွဲသည့်ဘက် ဦးလှည့်လာသည်။

ယခုရက်ပိုင်းအတွင်း ဓားစာခံအယောက် ၄၀ ကျော် ဖမ်းဆီးခဲ့ပြီဖြစ်ရာ အဆိုပါကိစ္စအပေါ် အမေရိကန်တို့၏ကိုင်တွယ်ပုံညံ့ဖျင်းမှုနှင့်ပတ်သက်ပြီး ဥရောပနိုင်ငံများက မကျေမနပ်ဖြစ်လျက်ရှိသည်။ သမ္မတဘုရှ်သည် သူဖန်တီးသည့် စစ်ပွဲအတွင်း ချောင်ပိတ်မိနေသည်ဟု ပြင်သစ် မနက်ပိုင်းသတင်းစာ ခေါင်းကြီးပိုင်းများက ဖော်ပြကြသည်။ အီရတ်စစ်ပွဲကို ဆန့်ကျင်ခဲ့သည့် နိုင်ငံများမှ အရပ်သားများပါ ဓားစာခံအဖမ်းခံရသည့်အထဲ ပါဝင်ခဲ့သည်။ ***စီအင်န်အင်န်။***

အီရတ်မှ ရုရှားလုပ်သားများကို ပြန်လည်ခေါ်ယူလျက်ရှိ

မော်စကို ဧပြီ ၁၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ရုရှားနိုင်ငံသားများနှင့် ယူကရိန်း အလုပ်သမားများ စုစုပေါင်း ရှစ်ဦးတို့ ခေတ္တပြန်ပေးဆွဲခံရပြီးနောက်ပိုင်း ရုရှားနိုင်ငံသားများနှင့် ယခင်ဆိုဗီယက် ပြည်ထောင်စုဝင်နိုင်ငံများမှ နိုင်ငံသားများ စုစုပေါင်း၈၀၀ကျော်တို့ကို လေယာဉ်ဖြင့် အီရတ်နိုင်ငံမှ ပြန်လည်ခေါ်ယူရန် ရုရှား အစိုးရက ဗုဒ္ဓဟူးနေ့တွင်ကမ်းလှမ်းလိုက်သည်။

မူတည်

သို့ရာတွင် အဆိုပါ အီရတ်နိုင်ငံတွင်းမှ ခေါ်ဆောင်မည့် လူအင်အားပမာဏမှာ ၎င်းတို့၏ သက်ဆိုင်ရာကုမ္ပဏီများ အပေါ်မူတည်နေကြောင်းနိုင်ငံပိုင် သတင်းဌာနက သတင်းဖော်ပြထားသည်။ ထိုသို့ အလုပ်သမားအများအပြားကို ခေါ်ဆောင်လိုက်ခြင်းဖြင့် ကန်ထရိုက်လုပ်ငန်းများကို နှောင့်နှေးစေမည်ဖြစ်ပြီးကုမ္ပဏီများ၏ ထိခိုက်နစ်နာမှု တန်ဖိုးအားဖြင့် ဒေါ်လာတစ်ဘီလျံအထိရှိနိုင်ကြောင်း ခန့်မှန်းပြောကြားကြသည်။

မေးမြန်း

ထို့အပြင်အဆိုပါကုမ္ပဏီများက မိမိတို့၏ ဝန်ထမ်းများ၏ဆန္ဒကို ရှင်းလင်းစွာ သိရှိနိုင်ရေးအတွက် မေးမြန်းရန်ရှိကြောင်း တာ့စ်သတင်းဌာနက မော်စကိုမြို့ သတင်းရပ်ကွက်တစ်ခုကို ကိုးကားဖော်ပြခဲ့သည်။

ဝန်ထမ်းအများစုတို့က ဆက်နေရန် ပို၍ လိုလားမှုရှိပါက ပြန်လည်ခေါ်ဆောင်ရေးအစီ အစဉ်မလိုအပ်တော့ကြောင်း၊ သို့ရာတွင် ကျွမ်းကျင်သူ အများစုတို့က အီရတ်နိုင်ငံမှ ထွက်ခွာရန် ဆုံးဖြတ်ပါက ဝန်ထမ်းအားလုံး ထွက်ခွာရန်ရှိကြောင်း၊ ရုရှားကုမ္ပဏီများအဖို့ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရဖွယ် ရှိသော်လည်း လူ့အသက်က ပို၍တန်ဖိုးရှိကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ယူကရိန်းနိုင်ငံသားများ အီရတ်မှ ထွက်ခွာရန်တိုက်တွန်း

ကီယက်ဗ် ဧပြီ ၁၆

အီရတ်တွင် ရောက်ရှိနေကြသော ယူကရိန်းနိုင်ငံသားများ ဖြစ်နိုင်သမျှ မြန်မြန်ဆန်ဆန် ထွက်ခွာကြရန် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် တိုက်တွန်းလိုက်သည်။

ထို့ပြင်အီရတ်တွင် ယူကရိန်းနိုင်ငံသား မည်ရွေ့မည်မျှ နေထိုင်လျက်ရှိသည်ဆိုခြင်းနှင့်ပတ်သက်၍ သတင်းအချက်အလက်စုဆောင်းရန် အီရတ်နိုင်ငံဆိုင်ရာ ယူကရိန်သံရုံးသို့ အဆိုပါ ဝန်ကြီးဌာနက အမိန့်ထုတ်ထားသည်။

အီရတ်နိုင်ငံတွင် ရုရှားစွမ်းအင်ကုမ္ပဏီတစ်ခု၌ တာဝန်ထမ်းဆောင်နေကြသော ရုရှားနိုင်ငံသား သုံးဦးနှင့် ယူကရိန်းအလုပ်သမားငါးဦးတို့အား ပြန်ပေးဆွဲ ခေါ်ဆောင်ခဲ့ပြီးနောက် ပြန်လွှတ်ပေးခဲ့သည်။

အီရတ်နိုင်ငံတောင်ပိုင်း ပိုလန်တပ်ဖွဲ့၏ ကွပ်ကဲမှုအောက်တွင် ယူကရိန်းတပ်ဖွဲ့ဝင် အင်အား ၁၆၀၀ တာဝန် ထမ်းဆောင်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်ရဟတ်ယာဉ်တစ်စင်း ဘဂ္ဂဒက်တွင် ပစ်ချခံရ

ဘဂ္ဂက် ဧပြီ ၁၅

အီရတ်နိုင်ငံမြောက်ပိုင်း ဘဂ္ဂဒက်တွင် အီရတ်လက်နက်ကိုင် တပ်ဖွဲ့များနှင့် အမေရိကန်တပ်ဖွဲ့များ အကြား ယမန်နေ့က တိုက်ပွဲများဖြစ်ပွားခဲ့စဉ် အမေရိကန်ရဟတ်ယာဉ် တစ်စင်း ပစ်ချခံရကြောင်း အယ်လ်ဂျာဇီယာ ရုပ်သံလွှင့်ဌာနက ပြောကြားသည်။

ယင်းကိစ္စကို အမေရိကန်တို့က အတည်ပြုပြောကြားခြင်း မရှိကြောင်း၊ အီရတ် လက်နက်ကိုင်များကလည်း ဆွန်နီတြိဂံဒေသ၌ ပျံသန်းနေသည့် အမေရိကန် စစ်ရဟတ်ယာဉ်များကို ပစ်မှတ်ထားတိုက်ခိုက်နေကြကြောင်း သိရသည်။ လွန်ခဲ့သည့် မေလကတည်းက မြေပြင်မှ ပစ်ခတ်တိုက် ခိုက်မှုများကြောင့် အမေရိကန်တို့၏ ရဟတ်ယာဉ် ကိုးစင်း ပျက်စီး ဆုံးရှုံးရသည်ဟု အမေရိကန်စစ်ဘက်မှ အတည်ပြုပြောကြားခဲ့ကြောင်း စီစီတီဗွီ သတင်းဌာနမှ ဖော်ပြသည်။ ***စီစီတီဗွီ။***

ပြန်ပေးဆွဲခံ အီတလီနိုင်ငံသားများအရေး ဆွေးနွေးခြင်းဖြင့် ဖြေရှင်းရန်ကြိုးပမ်း

ရောမ ဧပြီ ၁၆

အီရတ်တွင် ပြန်ပေးဆွဲဖမ်းဆီးခြင်းခံထားရသော အီတလီနိုင်ငံသား လေးဦးတို့အား ပြန်လွှတ်ပေးရန် ကြိုးပမ်းရာတွင် အီတလီအစိုးရသည် အီရန်နှင့် အခြားအစ္စလာမ္မစ်နိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းရေးနည်းလမ်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်းအီတလီ နိုင်ငံခြားရေးဝန်ကြီးဖရန်ကိုဖရာတီနီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ပြန်ပေးဆွဲခံရ

အဆိုပါအီတလီနိုင်ငံသား လေးဦးတို့မှာ ယခုသီတင်းပတ်တနင်္လာနေ့က ပြန်ပေး ဆွဲခံခဲ့ရသည်။

၃၀၀၀ခန့်ပါဝင်

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့တွင် အီတလီတပ်ဖွဲ့ဝင်နှင့် စစ်ရဲတပ်ဖွဲ့ဝင် စုစုပေါင်း အင်အား ၃၀၀၀ခန့်ပါဝင်လျက်ရှိသဖြင့် တတိယအင်အားအများဆုံးဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ထွက်ခွာ

အီရတ်တွင် လုံခြုံရေးအခြေအနေဆိုးရွားမှုကြောင့် အီရတ်မှ ထွက်ခွာရန် လေယာဉ်များပေါ်သို့ တက်ရောက်နေသော ယူကရိန်းအလုပ်သမားများကို ဧပြီ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ၊အင်တာနက်)

ဧပြီ ၃ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့ကို အမေရိကန်က အမြောက်ဖြင့် ပစ်ခတ်ခဲ့ရာ အပြစ်မဲ့လူသုံးဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရသွားသည်။ ထိုပစ်ခတ်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ၊အင်တာနက်။)

ကတိအတိုင်းဆောင်ရွက်မည်ဟု ဇာပါတီရိုပြောဆို

မဒရစ် ဧပြီ ၁၆

စပိန်ဝန်ကြီးချုပ် တာဝန်ယူတော့မည့် ဟိုဆေးယူစီဇာပါတီရိုက အီရတ်နိုင်ငံတွင် ကုလသမဂ္ဂက အဓိကအခန်းကဏ္ဍမှ တာဝန်မယူသရွေ့ အီရတ်မှ စပိန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းပေးပါမည်ဟူသော ရွေးကောက်ပွဲ မဲဆွယ်စဉ်က ပေးခဲ့သည့် ကတိကဝတ်အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ကြာသပတေးနေ့က ပြောကြားလိုက်သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတကာအကြမ်းဖက်မှု တိုက်ဖျက်ရေးတွင်လည်း ပြတ်ပြတ်သားသား ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်လိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။ဆိုရှယ်လစ်ခေါင်းဆောင် ဇာပါတီရိုက ရာထူးမှ ထွက်ရှိတော့မည့် ဝန်ကြီးချုပ် ဟိုဆေးမာရီယာ အက်ဇနာအစိုးရ၏ မူဝါဒများနှင့်ဆန့်ကျင်သည့် သဘောထားများကို ရှင်းပြသည်။

လူပေါင်း ၁၉၁ ဦး သေဆုံးသည့် မဒရစ်မြို့တွင် ရထားဗုံးခွဲမှုဖြစ်ပွားအပြီး သုံးရက်အကြာတွင် ကျင်းပသည့် ရွေးကောက်ပွဲ၌ အနိုင်ရလာသည့် ဇာပါတီရိုက ဥရောပလိုလားသည့် နိုင်ငံခြားရေး မူဝါဒချမှတ်ရေး အပါအဝင် ရွေးကောက်ပွဲ မဲဆွယ်ကတိများကို အကောင်အထည်ဖော်မည်ဟု ထပ်မံ ပြောကြားသည်။

လက်ရှိ စပိန်အိမ်ရှေ့မင်းသား ဖဲလစ်အားထိခိုက်စေမည်မဟုတ် သော်လည်း စပိန်ထီးနန်း ဆက်ခံရေး တွင်တော်ဝင်မိသားစုဝင် အမျိုးသမီး များထက် အမျိုးသားများကို ဦးစားပေးမှု အဆုံးသတ်မည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးကို ၎င်းက အဆိုပြုတိုက်တွန်းလိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပြည်ပမှ တိုက်ခိုက်ရေးသမားများ ဖော်လူဂျာတွင်မရှိဟုငြင်းဆို

ဘဂ္ဂဒက် ဧပြီ ၁၆

ဖော်လူဂျာမြို့တွင် ပြည်ပမှ တိုက်ခိုက်ရေးသမားများ ရောက်ရှိနေသည့်သတင်းများအား အီရတ်ရှိ ဘာသာရေးခေါင်းဆောင်များအသင်းက ငြင်းဆိုလိုက်သည်။

မေးမြန်း

မိမိတို့က ဖော်လူဂျာမြို့နေလူထုနှင့် ဆက်ဆံမှုအချို့ပြုလုပ်ခဲ့ကြောင်း အီရတ်နိုင်ငံ သိမ်းပိုက်ရေး တပ်ဖွဲ့ဝင်များနှင့် ရင်ပေါင်တန်းတိုက်ခိုက်နေသည့် ပြည်ပမှ တိုက်ခိုက်ရေးသမားများ ရှိမရှိကိစ္စကို ၎င်းတို့အား မေးမြန်းခဲ့ကြောင်းဖြင့် ဖော်ပြပါအသင်းမှ တရားဝင်ပြောရေးဆိုခွင့်ရှိသူ မူဟာမက်ဖာဒီက ပြောကြားသည်။

အလေးအနက်ထား

၁၉၈၀ပြည့်မှစတင်၍ စက်မှုဒေသတွင် အလုပ်လုပ်ကိုင်နေသည့် အီဂျစ်နိုင်ငံသားနှင့် ဆူဒန်နိုင်ငံသား အလုပ်သမားအချို့သာရှိကြကြောင်းဖြင့် မြို့နေလူထုက အလေးအနက်ပြောကြားသည်။

ဆက်စပ်မှုမရှိ

မိမိတို့၏အသင်းသည် ပြည်ပနိုင်ငံသားများအား ဓားစာခံအဖြစ် ဖမ်းဆီးနေသူများနှင့် ဆက်စပ်မှုမရှိကြောင်း ဖာဒီက ပြောကြားသည်။

မိမိတို့အနေဖြင့် ဖြစ်ရပ်နှင့်ဆက်နွယ်မှုမရှိသည့် ပြည်ပနိုင်ငံသားအားလုံးအား လွှတ်ပေးရန်ပြန်ပေးဆွဲသူများအားတောင်းဆိုထားကြောင်း၊ ပြည်သူလူထုအများစုက မိမိတို့တောင်းဆိုမှုအား တုံ့ပြန်မှုပြုကြပြီး ဓားစာခံများကို လွှတ်ပေးကြကြောင်းဖြင့် အဆိုပါပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားသည်။

၂၅ရာခိုင်နှုန်း

ဖော်လူဂျာမြို့ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်နေသူ ၂၅ရာခိုင်နှုန်းသည် ပြည်ပမှ တိုက်ခိုက်ရေးသမားများဖြစ်ကြောင်း ဘဂ္ဂဒက်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဒုတိယတပ်မှူးဖြစ်သူ ဗိုလ်ချုပ်ကြီး ကင်းမစ်ကစ္စပ်စွဲ ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်အလယ်ပိုင်းတွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲ

ဘဂ္ဂဒက် ဧပြီ ၁၆

ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲထားသော်လည်း အီရတ်နိုင်ငံအလယ်ပိုင်း ဖော်လူဂျာမြို့တွင် ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေကြောင်း သိရသည်။

အမေရိကန်တို့က လေကြောင်းတိုက်ခိုက်မှုများပြုလုပ်စဉ် အီရတ် ဆွန်နီ ခုခံတိုက်ခိုက်ရေးသမားများကလည်း လက်ပစ်ဗုံးများဖြင့် ပြန်လည်တိုက်ခိုက်ကြကြောင်းသိရသည်။ နှစ်ဘက်စလုံးမှ အပစ်အခတ်ရပ်စဲရန် သဘောတူညီမှုကို ယနေ့ ဒေသစံတော်ချိန် ၉နာရီအထိ သတ်မှတ်ခဲ့သည်။

အမေရိကန်လက်နက်ကိုင် လုံခြုံရေးကန်ထရိုက်တာလေးဦးကို သတ်ဖြတ်ခဲ့သူများအား လွှဲပြောင်းပေးရန်ကိစ္စနှင့် ဖော်လူဂျာမြို့ကိုဝိုင်းထားသည့် အမေရိကန်တပ်ဖွဲ့များ ဆုတ်ခွာပေးရေးတို့ကို ဆွေးနွေးမည်ဖြစ်ပြီး အီရတ်နိုင်ငံတောင်ပိုင်း နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ ၂၅၀၀ခန့်ကို တပ်ဖြန့်ချထားကြောင်းသိရသည်။ ရှီးယိုက်ခေါင်းဆောင် အယ်ဆာဒါးကိုဖမ်းဆီးရန် သို့မဟုတ် သတ်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း အမေရိကန်တို့က ဖော်ပြသည်။ ***အင်တာနက်။***



ရှီးယိုက်ခေါင်းဆောင်အား ရှာဖွေရာ၌ နာဂျက်ဖ်မြို့အတွင်းသို့ ကန်တပ်ဖွဲ့ဝင်များ မဝင်ရန်သတိပေး

ဘဂ္ဂဒက် (အီရတ်) ဧပြီ ၁၆

အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် အယ်လ်ဆာဒါးအား လိုက်လံရှာဖွေရင်းဖြင့် ဘာသာရေးမြို့တော် နာဂျက်ဖ်အတွင်းမဝင်ကြရန် အီရတ်နိုင်ငံ၏ရှေ့ဆောင် ရှီးယိုက်ခေါင်းဆောင် အယ်လ်စစ္စတန်နီက သတိပေးပြောကြားလိုက်ကြောင်းဖြင့် ရှီးယိုက်ဘာသာရေးနှင့် နိုင်ငံရေးသတင်းရပ်ကွက်များက ကြာသပတေးနေ့တွင် ပြောကြားသည်။ ရှီးယိုက် အီရတ်အုပ်ချုပ်ရေးကောင်စီဝင်များအနေဖြင့် နာဂျက်ဖ်မြို့သည် နောက်ဆုံးစည်းကမ်းသတ်မှတ်ထားရာဒေသဖြစ်၍ အမေရိကန် တပ်ဖွဲ့များမဝင်ရောက်ရန်အကြောင်းကြားရေးအတွက် အယ်လ်စစ္စတန်နီက ပြောကြားသည်ဟု ထိပ်တန်သတင်းရပ်ကွက်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

နာဂျက်ဖ်သည် ဘာသာရေးအထွတ်အမြတ်အဖြစ်ထားရှိသည့် မြို့ဖြစ်မှုနှင့်တကွ တရားဥပဒေစိုးမိုးရေးကို အလေးထားကြရန် တိုက်တွန်းထားသည့် ကြေညာချက်များကို ဘာသာရေးခေါင်းဆောင် ဆာဒါး၏ပြိုင်ဘက်ဖြစ်သူ အယ်လ်စစ္စတန်နီက ထုတ်ပြန်ထားသည်။ သို့ရာတွင် ၎င်းက ဆာဒါးအား ထောက်ခံသူများ၏ ပုန်ကန်ထကြွမှုအပေါ် တိုက်ရိုက်ဝေဖန်မှု မပြုလုပ်ခဲ့ပေ။

အယ်လ်စစ္စတန်နီသည် အယ်လ်ဆာဒါးအား မည်သို့မည်ပုံ ဆက်ဆံရမည်ဟူသည့် အသေးစိတ် အချက်အလက်များနှင့်ပတ်သက်၍ ၎င်း၏ဘာသာရေးအာဏာပိုင်နှင့် စေ့စပ်ဆွေးနွေးလိုစိတ်မရှိကြောင်း၊ သို့ရာတွင် အယ်လ်စစ္စတန်နီက နာဂျက်ဖ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား အပြင်းအထန်ဆန့်ကျင်နေကြောင်း နာဂျက်ဖ်ရှိ အခြားထိပ်တန်းသတင်းရပ်ကွက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း အခြေစိုက်စခန်းများမှ တပ်ဖွဲ့ဝင်များအား တောင်ပိုင်းဒေသသို့ ရွှေ့ပြောင်းပို့ပေးခဲ့သည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် ၂၅၀၀ ရှိတပ်ဖွဲ့သည် နာဂျက်ဖ်မြို့အနီး စခန်းချသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဧပြီ ၁၅ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့အနီးရှိ အမေရိကန် စစ်အခြေစိုက်စခန်း၌ ဆင်းသက်လာသည့် စစ်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်ဆိုင်ရာ နည်းဗျူဟာပြောင်းလဲရေး အမေရိကန်ကိုဖိအားပေးရန် တိုနီဘလဲအား တိုက်တွန်း

လန်ဒန် ဧပြီ ၁၆

ယခုသီတင်းပတ်အတွင်း ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲနှင့် အမေရိကန်သမ္မတဘုရှ်တို့ တွေ့ဆုံဆွေးနွေးသည့်အခါ အီရတ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် အဆုံးအဖြတ်ပေးနိုင်စွမ်းရှိသော တပ်အင်အားအသုံးပြုရေး အစီအစဉ်များကို ပြောင်းလဲရန် အမေရိကန်အစိုးရအား ပြောကြားသင့်ကြောင်း ဗြိတိန်နိုင်ငံ၏ ဒုတိယအင်အားအကောင်းဆုံး အတိုက်အခံပါတီက ဗုဒ္ဓဟူးနေ့တွင် တိုက်တွန်းလိုက်သည်။

ရပ်စဲသွားရန်

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးကို ထိခိုက်ပျက်စီးစေသော လတ်တလော အကြမ်းဖက်တိုက်ခိုက်မှုများ ရပ်စဲသွားရန် အီရတ်ရှိ အမေရိကန် တပ်မှူးများအား လုပ်ပိုင်ခွင့်ပေးရေး အမေရိကန်အစိုးရ၏ အစီအစဉ်များနှင့်ပတ်သက်၍ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံခြားရေးရာ ပြောခွင့်ရပုဂ္ဂိုလ် မင်ဇီးကမ့်ဘဲလ်က ဘီဘီစီနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အထက်ပါအတိုင်း ပြောကြားခဲ့သည်။

ထို့အပြင် လက်နက်တပ်ဆင်ထားသည့် ရဟတ်ယာဉ်၊ လေယာဉ်များ အီရတ် လူနေရပ်ကွက်ဒေသများအပေါ် ပျံသန်းနေခြင်းဖြင့် စည်းရုံးရေးတိုက်ပွဲအောင်မြင်မှုရရေးကို အထောက်အကူ မပေးနိုင်ကြောင်း၊ အဆုံးအဖြတ်ပေးနိုင်သော တပ်ဖွဲ့အင်အားအသုံးပြုခြင်းဖြင့် ရေရှည် နိုင်ငံရေးရည်မှန်းချက်များကို ထိခိုက်ပျက်စီးစေမည့် အကျိုးဆက်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်း ကမ့်ဘဲလ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်မြောက်ဘက်တွင် ဒုံးကျည်ထိမှန်မှုကြောင့် မိသားစုတစ်စုမှ သုံးဦးသေ၊ နှစ်ဦးဒဏ်ရာရ

ဘာကူဘာ (အီရတ်) ဧပြီ ၁၆

ဒုံးကျည်ပစ်ခတ်မှုကြောင့် မိခင်တစ်ဦးနှင့် ၎င်း၏ဆယ်ကျော်သက်ရွယ် သားနှစ်ဦးတို့ ဘဂ္ဂဒက်မြောက်ပိုင်းဒေသတွင် ကြာသပတေးနေ့က သေဆုံးခဲ့ပြီး သမီးနှစ်ဦး ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် အိမ်နီးနားချင်းများနှင့် ဆေးရုံမှတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် မြောက်ဘက် မိုင် ၄၀ အကွာရှိ ဘာကူဘာ လူနေရပ်ကွက်တွင်းရှိ အိမ်များအား နံနက် ၅ နာရီက ဒုံးကျည်ဖြင့် အပြင်းအထန် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ပစ်ခတ်မှုကြောင့် အိမ်နံရံများ ပြိုလဲကျကုန်ပြီး အိမ်များမှ အပျက်အစီး အပိုင်းအစများ လွင့်စဉ်ကုန်ကာ မော်တော်ယာဉ်တစ်စီးပျက်စီးသွားသည်။

ဘာကူဘာဆေးရုံတွင် ဖော်ပြပါ မိခင်၏ သမီးနှစ်ဦး တက်ရောက်ကုသနေရပြီး တစ်ဦးက သတိမရတရရှိနေပြီး နှစ်ဦးစလုံး ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အပြစ်ဖို့

ဒေသခံလူများက ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ အီရတ်နိုင်ငံ ကျူးကျော်သိမ်းပိုက်ရေး အမေရိကန်တပ်ဖွဲ့ဝင်များအား အပြစ်ဖို့ထားသည်။ အမေရိကန်စစ်ဖက်က သတင်းမရရှိသေးကြောင်း ပြောကြားသည်။ ဒေသခံရဲတပ်ဖွဲ့က ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အဖြေရှာရန် ကြိုးပမ်းနေကြောင်းဖြင့် ပြောကြားသည်။

ရန်သတ္တရုပြုရန်လိုလား

ပထမပစ်ခတ်မှုသည် နံနက် ၅နာရီ မတိုင်မီက ဖြစ်မှုကြောင့် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများမှာ မိမိတို့ အိမ်နီးချင်းများဖြစ်ကြကြောင်း၊ အပစ်ခံရသည့်အိမ်မှာ အပြစ်ကင်းစင်လှကြောင်း၊ အမေရိကန်များအနေဖြင့် အဘယ်ကြောင့် အီရတ် နိုင်ငံသူနိုင်ငံသားများအား ရန်သတ္တရုပြုရန် လိုလားနေကြကြောင်း စသည်ဖြင့် အိမ်နီးချင်းဖြစ်သူ မက်ဒီဆလေးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အခွန်ကောက်ခံငွေအများအပြားကို အီရတ် စစ်စရိတ်အတွက် သုံးစွဲနေမှုကြောင့် မကျေမနပ်ဖြစ်ရသည့် အမေရိကန်အခွန်ထမ်းပြည်သူများက ဧပြီ ၁၅ ရက်က စစ်စရိတ်အတွက် အခွန်မပေးလိုကြောင်း ဆန္ဒပြနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လုံခြုံရေးတာဝန်ရှိ ဂျာမန်နှစ်ဦး သေဆုံးမှု စုံစမ်းရန် အမိန့်ထုတ်

ဘာလင် ဧပြီ ၁၅

သေဆုံးပြီဟု ယူဆရသော ဂျာမနီ လုံခြုံရေးတာဝန်ရှိ ပုဂ္ဂိုလ်နှစ်ဦးနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ဂျာမနီအစိုးရက အမိန့်ထုတ်လိုက်ကြောင်း ပြည်ထဲရေးဝန်ဌာနက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

လွန်ခဲ့သော သီတင်းပတ် ဗုဒ္ဓဟူးနေ့က ဘဂ္ဂဒက်ရှိ ဂျာမနီသံရုံးကို ကာကွယ် စောင့်ရှောက်ရန် ဂျော်ဒန်နိုင်ငံ မြို့တော်အမ္မန်မှ ထွက်ခွာသွားကြသောရဲများ ပျောက်ဆုံးနေဆဲဖြစ်သည်။ ၎င်းတို့မှာ သေဆုံးဖို့များကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောကြားသည်။

ဂျာမနီနိုင်ငံသည် အမေရိကန်ဦးဆောင်သော အီရတ်နိုင်ငံအား စစ်ဆင်နွှဲခဲ့ခြင်းကို အပြင်းထန်ဆုံး ဆန့်ကျင်သောနိုင်ငံဖြစ်ပြီး တပ်ဖွဲ့လုံးဝမပို့ခဲ့ချေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြင်သစ်သတင်းစာဆရာ ပြန်လည်လွတ်မြောက်လာ

ပါရီ ဧပြီ ၁၅

ပြင်သစ်နိုင်ငံသား သတင်းစာဆရာတစ်ဦး အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အနီးတွင် ပြန်ပေးဆွဲခံခဲ့ရပြီးနောက် သုံးရက်အကြာ ပြန်လည်လွတ်မြောက်လာကြောင်း ၎င်း၏အလုပ်ရှင်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

— ပျော်ရွှင် —

မိမိတို့ ပျော်ရွှင်ကြကြောင်း ပြင်သစ် ကာပါ ရုပ်မြင်သံကြားသတင်းဌာနမှ ညွှန်ကြားရေးမှူး ချာဘာလိုင်ယာက ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။ အလက်ဇန်းဒါးဂျော်ဒန်နော့ဗ်သည် ပြင်သစ်ရုပ်မြင်သံကြားဌာနအတွက် မှတ်တမ်းတင် ရုပ်မြင်ဓာတ်ပုံရိုက်စဉ် တနင်္ဂနွေနေ့က အဖမ်းခံခဲ့ရသည်။ အီရတ်နိုင်ငံတွင် ဓားစာခံဖမ်းဆီးမှု ပြဿနာပေါ်ပေါက်နေစဉ် ၎င်းသည် ပြင်သစ်နိုင်ငံမှ ပထမဆုံးသော အဖမ်းခံခဲ့ရသည့် ဓားစာခံတစ်ဦးဖြစ်သည်။

— စောင့်ရှောက်ထား —

ဂျော်ဒန်နော့ဗ်သည် ယခုအခါ ဘေးမသီရန်မခရှိနေပြီး ဘဂ္ဂဒက်မြို့ရှိ ပြင်သစ်သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ဂရုတစိုက်စောင့်ရှောက်ထားကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ဘာရီယာက ပြောကြားသည်။

အာရပ် ရုပ်မြင်သံကြားသတင်းဌာနဖြစ်သည့် အယ်လ်ဂျာဇီယာက အဆိုပါ သတင်းစာဆရာအား အီရတ်နိုင်ငံသားများ ဝိုင်းရံလျက် အခန်းတစ်ခန်းအတွင်း ထိုင်နေပြီးပြုံးပြနေပုံ သတင်းရုပ်ကြီးအား ထုတ်လွှင့်ပြသခဲ့သည်။

ဂျော်ဒန်နော့ဗ်သည် ဘဂ္ဂဒက်မြို့မှ ဘေဘီလုံမြို့သို့ တနင်္ဂနွေနေ့က ခရီးသွားခဲ့ရာ ၎င်း၏ မော်တော်ယာဉ်တန်း အတိုက်ခိုက်ခံခဲ့ရသည်။ ၎င်းသည် မော်တော်ယာဉ်အားစွန့်ခွာခဲ့ပြီး အခြားလူများနှင့် တစ်ကွဲတပြားစီ ဖြစ်ခဲ့ရကြောင်းဖြင့် ကာပါ ရုပ်မြင်သံကြားသတင်းဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်အရေးနှင့်ပတ်သက်၍ အမေရိကန်နှင့်ဗြိတိန် သဘောထားကွဲလွဲ

လန်ဒန် ဧပြီ ၁၅

အီရတ်နိုင်ငံနှင့်ပတ်သက်၍ ထားရှိသော ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ မူဝါဒများ အကြီးအကျယ် ကွဲလွဲလျက်ရှိကြောင်း ဗုဒ္ဓဟူးနေ့ထုတ် ဗြိတိန်သတင်းစာတစ်စောင်က ဖော်ပြလိုက်သည်။

ဒီမိုကရေစီရရှိရေးအတွက် မည်မျှ လက်တွေ့ကျကျ လိုက်လံဆောင်ရွက်မည်ဆိုသော ကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှုများရှိကြောင်း၊ အဆိုပါနှစ်နိုင်ငံတို့သည် အခြေခံအားဖြင့် သဘောကွဲလွဲမှုရှိနေကြောင်း၊ ယခင် အီရတ်ယာယီအာဏာပိုင်အဖွဲ့၏ အကြံပေးအရာရှိ တာဝန်ယူခဲ့သည့် မိုက်ကယ်ရှုဘင်၏ ပြောကြားချက်ကို တယ်လီဂရပ်ဖ် နေ့စဉ်သတင်းစာက ဖော်ပြခဲ့သည်။ရှုဘင်သည် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ လွန်ခဲ့သော သီတင်းတစ်ပတ်ကျော်က ရာထူးမှ နုတ်ထွက်ခဲ့သည်။ ယာယီအာဏာပိုင်အဖွဲ့သည် အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာ၏ အုပ်ချုပ်မှုအောက်တွင် ရှိနေပြီး အမေရိကန်အစိုးရ၏ အစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်နေကြောင်း၊ သို့ရာတွင် ဗြိတိသျှ နိုင်ငံရေးခေါင်းဆောင်များက ယင်းအဖွဲ့တွင် ဗြိတိသျှအစိုးရ၏အာဘော်ကို အလေးအနက်ထားနေကြကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

ထို့အပြင် ဗြိတိသျှသံတမန်အရာရှိ အများစုသည် သမ္မတဘုရှ်၏ အစီအစဉ်နှင့် ပတ်သက်၍ ယေဘုယျသဘောကွဲလွဲမှုရှိနေကြောင်း ၎င်းက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တိုင်းတစ်ပါးကျူးကျော်မှုအောက်မှ အချုပ်အခြာအာဏာကင်းမဲ့နေသော အီရတ်နိုင်ငံ

ဖြစ်ရပ်စုံလင်အမှန်မြင် ဆင်ခြင်သုံးသပ်သတိချပ်

ဧပြီ ၁၅ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ရပ်ကွက်တစ်ခုတွင် တစ်အိမ်တက်ဆင်း အဓမ္မရှာဖွေစစ်ဆေးနေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဧပြီ ၁၅ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာနေမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်ကျောင်းသူ၊ ကျောင်းသားလေးများ၏ လွယ်အိတ်ကိုပင်မချန် ရှာဖွေစစ်ဆေးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



ဧပြီ ၁၆ရက်က နာဂျက်ဖ်မြို့ စစ်ဆေးရေးဂိတ်တစ်ခု၌ အီရတ်ပြည်သူများအား အမေရိကန်တပ်ဖွဲ့ဝင်များက တန်းစီရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေသဖြင့် မကျေမနပ် ဖြစ်နေကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အဖမ်းခံရ

ဧပြီ ၁၆ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ အမေရိကန် စစ်အခြေစိုက်စခန်းအပြင်ဘက်၌ အဖမ်းခံ ထားရသော အီရတ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



မတ် ၂၄ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ မဆင်မခြင် ပစ်ခတ်မှုကြောင့် ကျည်ဆန်များ ထိမှန်ခံထားရသော နေအိမ်တစ်အိမ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မတ် ၁၁ရက်က ဖော်လူဂျာမြို့၌ အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသွားသည့် အီရတ်အမျိုးသမီးတစ်ဦးအား တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နှစ်ဆန်းချိန်ခါ ပြည်မြန်မာ သီတာရေသို့အေး
ဒါနအလှူ ကုသိုလ်ယူ ပြည်သူပန်းသို့မွေး



မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် ကုသိုလ်ဒါန ပြုကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

မြန်မာနှစ်ဆန်းတစ်ရက်နေ့က ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်တွင် ဘုရားဖူး ပြည်သူများ ကောင်းမှုကုသိုလ်ပြုနေကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)



မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာအလှူဒါနအဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟို ရုံးများမှဝန်ထမ်းမိသားစုများက ငါးများကို လှော်ကားရေလှောင်ကန်အတွင်း ဇီဝိတဒါန သက်လွှတ် ပေးကြစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ

မြန်မာနှစ်ဆန်းတစ်ရက်နေ့က နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ သက်ကြီးဘိုးဘွား များအား အမွေးနံ့သာပက်ဖျန်းမှု၊ ခြေလက် သန့်စင်မှုများ ပြုလုပ်ကာကုသိုလ်ယူကြစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်နယ်မြေရှိ မုဆိုးတောင်စေတီ တံခွန်တိုင် အထွတ်တွင် စိန်ဖူးတော်၊ ရွှေထီးတော်တို့ကို တင်လှူပူဇော်စဉ်။
(သတင်းစဉ်)

✪ **နိုင်ငံတော်မှ**

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပတို့ အမှူးပြုသော ကျိုက်ထိုမြို့နယ်အတွင်းမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများ၊ အလှူရှင် မိသားစုများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော် သြဝါဒါစရိယ ကျိုက်ထိုမြို့ မာရ်အောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇောတိကာလင်္ကာရက သြဝါဒကထာ ချီးမြှင့်တော်မူသည်။

ဆက်လက်၍ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာ ကျိုက်ထီးဆောင်းကျောင်း တိုက်အုပ် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂိန္ဒထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်အား ရည်မှန်း၍ စိန်ဖူးတော်အား ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပထံ ဆက်ကပ်လှူဒါန်းပြီး ဆက်လက်၍လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စေတီတော်အား ရည်မှန်း၍ ငှက်မြတ်နားတော်အား ကျိုက်ထီးဆောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး ဆက်လက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများက ဆရာတော် သံဃာတော်များထံ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ယနေ့ကျင်းပသည့် မုဆိုးတောင် စေတီတော် ရွှေထီးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲသို့ ကြွရောက်ချီးမြှင့်တော်မူကြသော ကျိုက်ထိုမြို့နယ်အတွင်းမှ ဆရာတော်ကြီးများနှင့် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်း ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ဖူးမြော်ကြည်ညိုခွင့်ရရှိသဖြင့် ကုသိုလ်မင်္ဂလာတရားများ တိုးပွားရပါကြောင်းကို ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရွှေထီးတော် တင်လှူပူဇော်ပွဲ ကုသိုလ်ကောင်းမှုကို ပြုလုပ်ဆည်းပူးကြရခြင်းသည် လိုလားအပ်၊ တောင့်တအပ်၊ နှစ်သက်အပ်သော ကောင်းကျိုးချမ်းသာ မင်္ဂလာ ကျက်သရေ အပေါင်းခညောင်းသည့် နေ့ထူးနေ့မြတ် ဖြစ်သည်နှင့်အညီ ကောင်းမှုကုသိုလ် ပြုသူများအတွက် အလွန်မွန်မြတ်သည်ဟု အယူရှိကြပါကြောင်း။

တည်ထားကိုးကွယ်ခဲ့

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုး တောင်စဉ်တောင်တန်းတစ်လျှောက်တွင် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး စတင်တည်ရှိသည့်အချိန်နှင့် မရှေးမနှောင်း တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်များမှာ မုဆိုးတောင်စေတီ၊ ရသေ့တောင်စေတီ၊ နဂါးဘုရား၊ ဖားဘုရား၊ ကျောက်သမ္ဗန်စေတီ၊ ကျောက်ဆီယိုစေတီ၊ မြသပိတ်စေတီ စသည်ဖြင့် ကျိုက်ထီးရိုးစေတီတော်ကြီး၏ အနီးပတ်ဝန်းကျင်တောင်ထွတ်များပေါ်တွင် တည်ရှိခဲ့ပါကြောင်း။

ဤမုဆိုးတောင်၌ ကျိုက်ထီးရိုးစေတီတော်ကြီးကို တည်ထားခဲ့သည့် တိဿရသေ့ကြီး၏ တပည့်မုဆိုးကြီးသည် အကျွတ်တရားရ၍ မုဆိုးအဖြစ်ကို စွန့်လွှတ်ပြီးလျှင် ဤတောင်ပေါ်၌ ဆက်လက်နေထိုင် တရားကျင့်သုံးခဲ့ခြင်းကြောင့် မုဆိုးတောင်ဟု အမည်တွင်ခဲ့ကြောင်း၊ ယင်းမုဆိုးတောင်ပေါ်၌ တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်ကိုလည်း မုဆိုးတောင်စေတီဟု ခေါ်ဆိုခဲ့ကြကြောင်းကို မှတ်သားရပါကြောင်း၊ ယင်းမုဆိုးတောင်စေတီတော်ကြီး၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့သည် နှစ်ကာလကြာညောင်းသဖြင့် ဟောင်းနွမ်းဆွေးမြည့်လာခဲ့ရာ တပည့်တော်တို့နိုင်ငံတော်အစိုးရ၏ လျှောက်ထား မေတ္တာရပ်ခံချက်အရ ကျိုက်ထီးဆောင်း ဆရာတော်ကြီး အမှူးပြုသော တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့နှင့် နိုင်ငံတော်အစိုးရတို့ စုပေါင်း လှူဒါန်းမှုဖြင့် ထီးတော်အဟောင်းအစား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် အသစ်ပြုလုပ်၍ တင်လှူရန် စီစဉ်ခဲ့ကြပါကြောင်း။



ပိုမိုအကျိုးထူးခြား

ဤရွှေထီးတော် တင်လှူသည့်နေ့တွင်ပင် ရွှေနန်းကျင်ဗိမာန်ဖွင့်ခြင်းနှင့် မုခ်ဦးရွှေထီးတော်တင်လှူခြင်း မင်္ဂလာအခမ်းအနားများကိုလည်း ဆက်လက်ပြုလုပ်ကြမည်ဖြစ်ပါကြောင်း၊ဤကဲ့သို့ ရှေးဟောင်း စေတီပုထိုးများနှင့် ရှေးဟောင်း အဆောက်အအုံများကို ပြုပြင်မွမ်းမံခြင်းသည် အသစ်တည်ဆောက်ရခြင်းထက် ပိုမိုအကျိုးထူးခြားကြောင်း ဆရာတော်ကြီးများ၏ မိန့်ကြားမှုကို ကြားနာခဲ့ရပါကြောင်း၊ ထို့ပြင် မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် ဤကဲ့သို့သော ထူးခြားသော အလှူဒါနပြုမှု၊ ကောင်းမှုကုသိုလ်ပြုမှုများသည် ထူးခြားသော ကောင်းကျိုးချမ်းသာများ ရရှိတတ်သည်ဟုလည်း အယူအဆရှိကြပါကြောင်း၊ ထို့ကြောင့် တပည့်တော်အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရအေးချမ်းပြီး ခေတ်မီတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းရေးကို လိုလားတောင့်တအပ်ပါသဖြင့် တောင့်တချက် ဆန္ဒအတိုင်း ပြည့်ဝပါစေကြောင်း မြန်မာတို့၏ နှစ်ဦးနှစ်သစ် မင်္ဂလာအချိန်ကာလတွင် ပြည်သူအများ ဒုက္ခကင်းဝေးပြီး ကောင်းကျိုးချမ်းသာအဖြာဖြာ ရရှိစေရန်လည်း ဆုတောင်းအပ်ပါကြောင်း၊ ကမ္ဘာ့သူ ကမ္ဘာ့သားလူသားအားလုံး အန္တရာယ်ကင်းဘေးရှင်းပြီး ကျန်းမာချမ်းသာကြပါစေကြောင်း၊ ထိုတင်မက နောက်ထပ်လိုလားအပ်သည်မှာ ဤကဲ့သို့ ရှေးဟောင်းစေတီတော်များ၊သာသနိကအဆောက်အအုံများကို ပြုပြင်မွမ်းမံရခြင်း၊ ရှေးဟောင်း စေတီတော်မြတ်အား ရွှေထီးတော်အသစ် တင်လှူရခြင်း၊ ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းရခြင်း ကုသိုလ်ကောင်းမှု အစုစုတို့ကြောင့် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ အမှန်မြတ်နိဗ္ဗာန်သို့ ဧကန် ရောက်ရှိရပါလိုကြောင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမအပေါင်းတို့သည် အလှူရေစက် လက်နှင့်မကွာ သာသနာတော်မြတ်ကြီးအား ထောက်ပံ့လှူဒါန်းကြလျက် ကုသိုလ်မင်္ဂလာတရားများ ဆည်းပူးနိုင်ကြပါစေကြောင်း၊ ဗုဒ္ဓသာသနာတော်မြတ်ကြီး နေလိုလလို ထွန်းလင်း တောက်ပပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် တပည့်တော်၏လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသွားသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပက အနုမောဒနာတရားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော် အာရုံခံတန်ဆောင်းမှ စေတီတော်အား ပန်း၊ ရေချမ်းများဖြင့် ကပ်လှူပူဇော်ကန်တော့ကြစဉ်။ (သတင်းစဉ်)

ထို့နောက် သာသနာရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က မုဆိုးတောင်စေတီအား ရွှေထီးတော်ဘုံအဆင့်ဆင့် တင်လှူပူဇော်ခွင့်ပြုပါရန် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များအား လျှောက်ထားသည်။

ယင်းနောက် မုဆိုးတောင်စေတီ ရွှေထီးတော် တင်လှူပူဇော်ပွဲမင်္ဂလာ အစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ ဒေဝါဝင်း ရာဇာဝင်းများ ခြံရံလျက် ကျိုက်ထီးဆောင်း ဆရာတော် ဦးဆောင်ကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စိန်ဖူးတော်ကိုလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ငှက်မြတ်နားတော်ကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ရွှေထီးတော် ဘုံအဆင့်ဆင့်ကိုလည်းကောင်း ပင့်ဆောင်ကြကာ မုဆိုးတောင်စေတီအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို စေတီတော်ပေါ်သို့ သဟာဓိက ကိုယ်တိုင် ပင့်ဆောင်ကြသည်။

ရောင်တော်ဖွင့်ပူဇော်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မင်္ဂလာအချိန်တွင် မုဆိုးတောင်စေတီ၏ ရွှေထီးတော် ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ရောင်တော်ဖွင့်ပူဇော်သည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက မေတ္တာပို့ ပတ္ထနာပြု ဆုတောင်းပေးပြီး ပရိသတ်အားလုံးက အမျှအတန်း ပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိသားစုတို့က လှူဒါန်းသည့် တံခွန်တိုင်အား စိန်ဖူးတော်၊ ရွှေထီးတော် တင်လှူပွဲကို ကျင်းပရာ အလှူရှင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စိန်ဖူးတော်၊ ရွှေထီးတော်တို့ကို တံခွန်တိုင်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်သည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက မေတ္တာပို့ ပတ္ထနာပြု ဆုတောင်းပြီး ပရိသတ် အားလုံးက အမျှအတန်း ပေးဝေကြသည်။

ရွှေမိုး ငွေမိုး ရွာသွန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မုဆိုးတောင်စေတီ ရွှေထီးတော်တင်ခြင်း မင်္ဂလာအခမ်းအနားနှင့် တံခွန်တိုင်အား စိန်ဖူးတော်၊ ရွှေထီးတော်တင်ခြင်း မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်နယ်မြေရှိ မုဆိုးတောင်စေတီ ရင်ပြင် မင်္ဂလာမဏ္ဍပ်၌ မုဆိုးတောင်စေတီ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်ကို ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပထံ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဦးဆောင်ကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စိန်ဖူးတော်ကိုလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ငှက်မြတ်နားတော်ကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ရွှေထီးတော် ဘုံအဆင့်ဆင့်ကိုလည်းကောင်း ပင့်ဆောင်ကြကာ မုဆိုးတောင်စေတီအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို စေတီတော် အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

သီကျူးပူဇော်

ယင်းအချိန်တွင် သဘင်ပညာရှင် မန္တလေးသိန်းဇော်က မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်ကာ မြတ်ဆုမွန်နှင့် အောင်ဩဘာမင်္ဂလာရတုတို့ကို သီကျူးပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်သို့ ရောက်ရှိ၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ပြီး အမွှေးနံ့သာတို့ဖြင့် ရေစင်တော်ရည်များဖြင့် ရောင်တော်ဖွင့် ပူဇော်ပေးကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေနန်းကျောင်း ဗိမာန်အတွင်း ပူဇော်ထားသည့် ပုံတော်များအား အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေနန်းကျောင်း ဗိမာန်အတွင်းရှိ ရွှေနန်းကျောင်းဗိမာန် မော်ကွန်းကမ္ပည်း(မြန်မာဘာသာ)နှင့် ရွှေနန်းကျောင်းဗိမာန် မော်ကွန်းကမ္ပည်း (အင်္ဂလိပ်ဘာသာ)တို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော်က မေတ္တာပို့ ပတ္ထနာပြု ဆုတောင်းပေးပြီး ပရိသတ်များက



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုက်ထိုဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းပိုင် ကျိုက်ထိုဟိုတယ်ကို Onyx International Co., Ltd. က ငှားရမ်းလုပ်ကိုင်လျက်ရှိပြီး ယခုအခါ ဟိုတယ်တွင် Superior Type ၂၈ခန်း၊ Standard Type ၂၄ခန်း၊ Family Type သုံးခန်း၊ Bamboo House ၂၅လုံးနှင့် Economy Type ၁၀ခန်း အပါအဝင် စုစုပေါင်းအခန်း ၉၀ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းအပြည့်အဝပေးနိုင်ရန်အတွက် အခန်း ၅၀ပါ ခေတ်မီ တိုးချဲ့အဆောက်အအုံသစ် တစ်ဆောင်ကို ထပ်မံတည်ဆောက်လျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင် ဆီမီး ၉၀၀၀ ဓမ္မာရုံခန်းမ၌ မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းက ကျိုက်ထိုမြို့နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်မှုအခြေအနေများနှင့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးသင့်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိရပ်ရွာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက တာဝန်ကျေသက်သက်သဘောမထားဘဲ ဝီရိယနှင့် စေတနာအားအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် ပထမဦးဆုံး မှာကြားလိုကြောင်း။

နိုင်ငံတော်ကပေးထားသည့် ဒေသအလိုက် ဝမ်းစာဖူလုံရေးရည်မှန်းချက်၊ သီးနှံအလိုက် အထွက်တိုးရေး ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရေးအတွက် ဒေသခံ တောင်သူ လယ်သမားများအား အထွက်တိုး မျိုးကောင်းမျိုးသန့် ဖြန့်ဝေပေးမှု၊ စိုက်ပျိုးရေးနည်းပညာပေးမှုများ အပါအဝင် လိုအပ်သည့် ပံ့ပိုးမှုများကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ဦးဆောင်ဦးရွက်ပြု နည်းလမ်းကြဲဆစည်းရုံး ပညာပေး ဆောင်ရွက်သွားကြဖို့လိုကြောင်း။

စည်းရုံးဦးဆောင်

မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်စေရေး ရည်မှန်းချက်ကိုလည်း လက်တွေ့ဖြစ်မြောက်စေရန် ပုဂ္ဂလိကကဏ္ဍကို စည်းရုံးဦးဆောင်ပြီး လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကြဖို့ မှာကြားလိုကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်ကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် အလေးထား ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အဓိကကျသည့် ကျေးလက်ဒေသလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် စနစ်တကျ စီမံဆောင်ရွက် သွားကြဖို့လိုကြောင်း။

မြို့နယ်အဆင့် တာဝန်ခံများသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အဓိက တာဝန်ရှိသူများဖြစ်ရာ ကျေးလက်အထိ ရောက်အောင်သွားပြီး ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမှာ ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူအများ၏ ယုံကြည်ကိုးစားမှုကိုခံယူရရှိပြီး ပြည်သူများ၏ စီးပွားရေးဘဝ၊ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် မှန်ကန်သော ဦးဆောင်မှု၊ ထိရောက်သောစည်းရုံးမှု၊ ပညာပေးမှုများ ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း။

ဖွံ့ဖြိုးအောင်ဆောင်ရွက်

သို့ဖြစ်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ခံများအားလုံးက လုပ်ငန်း

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲

ပေါ်သို့ သဟဓိက ကိုယ်တိုင်ပင့်ဆောင်ကြသည်။

ရောင်တော်ဖွင့်ပူဇော်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မင်္ဂလာအချိန်တွင် မုဆိုးတောင်စေတီ၏ ရွှေထီးတော် ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ရောင်တော်ဖွင့်ပူဇော်သည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက မေတ္တာပို့ ပတ္ထနာပြု ဆုတောင်းပေးပြီး ပရိသတ်အားလုံးက အမျှအတန်း ပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိသားစုတို့က လှူဒါန်းသည့် တံခွန်တိုင်အား စိန်ဖူးတော်၊ ရွှေထီးတော် တင်လှူပွဲကို ကျင်းပရာ အလှူရှင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စိန်ဖူးတော်၊ ရွှေထီးတော်တို့ကို တံခွန်တိုင်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်သည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက မေတ္တာပို့ ပတ္ထနာပြု ဆုတောင်းပြီး ပရိသတ် အားလုံးက အမျှအတန်း ပေးဝေကြသည်။

ရွှေမိုး ငွေမိုး ရွာသွန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မုဆိုးတောင်စေတီ ရွှေထီးတော်တင်ခြင်း မင်္ဂလာအခမ်းအနားနှင့် တံခွန်တိုင်အား စိန်ဖူးတော်၊ ရွှေထီးတော် တင်လှူခြင်း မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း သွန်းလောင်းကာ ရောင်တော်ဖွင့်ပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် အာရုံခံတန်ဆောင်းမှ စေတီတော်အား ပန်း၊ ရေချမ်းများဖြင့် ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ရွှေနန်းကျောင်ဗိမာန်ဖွင့်ပွဲ

ဆက်လက်၍ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်ရှိ ရွှေနန်းကျောင်ဗိမာန်ဖွင့်ပွဲ အစီအစဉ်ကို ကျင်းပရာ ရှေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုတို့က ရွှေနန်းကျောင်ဗိမာန်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေနန်းကျောင်ဗိမာန်မုခ်ဦး ရွှေထီးတော်ကို တင်လှူပူဇော်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေနန်းကျောင်ဗိမာန်ကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ရွှေနန်းကျောင် ဗိမာန်အတွင်းရှိ ကျိုက်ထီးရိုးပုံတော်ပွားစေတီတော် သုံးဆူအား ကျိုက်ထီးဆောင်း ဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်တို့က အမွှေးနံ့သာ သာဓုအနုမောဒနာ ပြိုင်တူရွတ်ဆိုဆုတောင်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းအချိန်တွင် သဘင်ပညာရှင် မန္တလေးသိန်းဇော်က မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်ကာ "အောင်စေ အေးစေ"နှင့် "မြတ်ဆုမွန်" ဓမ္မပူဇာတေးများဖြင့် သီကျူးပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေနန်းကျောင်ဗိမာန်ဖွင့်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ကျိုက်ထိုဟိုတယ်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျိုက်ထိုဟိုတယ်သို့ ရောက်ရှိကြပြီး ရှင်းလင်းခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား Onyx International Co., Ltd. မှ ဦးသန်းဟန်က ကျိုက်ထိုဟိုတယ်၏ လက်ရှိ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေနှင့် ထပ်မံတိုးချဲ့ဆောက်လုပ်မည့် အစီအစဉ်၊ အဆောက်အအုံ ဒီဇိုင်းပုံစံများနှင့် ဆောင်ရွက်သွားမည့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခေတ်မီ စနစ်ကျနသော အဆောက်အအုံသစ်ဖြစ်ရေး၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ပီပီပြင်ပြင် ဆောင်ရွက်ရေး မှာကြားပြီး ညှော်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်နယ်မြေရှိ မုဆိုးတောင် စေတီရင်ပြင်မင်္ဂလာမဏ္ဍပ်၌ မုဆိုးတောင်စေတီ ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံ အဆင့်ဆင့်တို့ကို မုဆိုးတောင်စေတီအား လက်ယာရစ် လှည့်လည် ပူဇော်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈–၄–၂၀၀၄ (တနင်္ဂနွေနေ့)

၁၃၆၆ ခုနှစ်၊ ဦးတန်ခူးလကွယ်(ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ စလင်းရေလှောင်တမံ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Say it in English.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ ဂုံညင်းတန်းတံတား
၁၁း၃၀ ၄။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း–၃၄)**
၁၂း၁၅ ၆။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ သတ္တဌာန ခုနစ်ပတ်ဖြစ်စဉ် ဗုဒ္ဓဝင်
၁း၁၅ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း မြန်မာနှစ်ဦး လတန်ခူး (ကျော်သူ၊မေသဥ္ဇာဦး၊ပန်းဖြူ၊ နှင်းပွင့်ဖြူ) (ဒါရိုက်တာ–မောင်နှင်းမိုး)**
၂း၀၀ ၈။ ထုထည်ကြီးမားထင်ရှားကေန်ဓမ္မရုံ
၂း၁၅ ၉။ တေးဂီတအစီအစဉ်
၂း၃၀ ၁၀။ ဆွာချောင်းရေလှောင်တမံ
၂း၄၅ ၁၁။ International News.
၃း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English For Everyday Use.
၄း၄၀ ၄။ သာယာချိုအေး(၃၈)ဖြာမင်္ဂလာတေး
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၁၅ ၇။ **ရွှေတိဂုံစေတီတော်ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား(၆–၄–၁၉၉၉)**
၅း၄၅ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
၆း၃၀ ၉။ ညနေခင်းသတင်း
၇း၀၀ ၁၀။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း–၄)**
၇း၃၀ ၁၂။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၇း၄၀ ၁၃။ တေးဂီတအစီအစဉ်
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **မြန်မာရုပ်ရှင် နှလုံးသားလျှို့ဝှက်ခန်း (ကျော်ဟိန်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ–ကြည်ဖြူသျှင်)**
၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာ ပွားများခြင်းတရားတော်
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

▲ စာမျက်နှာ ၉ မှ

ကဏ္ဍအလိုက် ဖွဲ့စည်းပေးထားသော ကော်မတီများတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တိုင်ပင်ဆွေးနွေးကာ စုပေါင်းဦးဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍ အသီးသီးတွင် သက်ဝင်လှုပ်ရှား ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

ရွှေကြိုးဖြတ်ဖွင့်လှစ်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တော်ရှိ ရွှေနန်းကျင်ဗိမာန်ဖွင့်ပွဲ အခမ်းအနားတွင် ရွှေနန်းကျင်ဗိမာန်ကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထင်ရှားပီပြင်

ဖွဲ့စည်းတည်ဆောက်ပေးထားသော အုပ်ချုပ်ရေးယန္တရားကို သွက်လက်ထက်မြက်စေပြီး စုစည်းညီညွတ်စွာဖြင့် တစ်စိတ်တည်း တစ်ဝမ်းတည်း အရှိန်မြှင့်လှုပ်ရှားကြိုးပမ်း ဆောင်ရွက်ကြပါမှ ထင်ရှားပီပြင်သည့် အောင်မြင်တိုးတက်မှုများ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

ထို့အပြင် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ခြိုးခြံချွေတာရေးမူနှင့်အညီ လျှပ်စစ်စွမ်းအား၊ စက်သုံးဆီ၊ ဘဏ္ဍာငွေမှအစ မကုန်သင့်သည်များ မကုန်စေရအောင် အကျိုးရှိထိရောက်စွာ စနစ်တကျ ခြိုးခြံသုံးစွဲကြဖို့ လိုအပ်ကြောင်း။

ပေါင်းစပ်အသုံးပြု

လုပ်ငန်းများ ထိရောက်အောင်မြင်စေရေးတွင် နိုင်ငံတော်အတွင်း ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်စသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှု စွမ်းအားကိုလည်း ပေါင်းစပ်အသုံးပြုနိုင်ဖို့လိုကြောင်း။

ပြည်သူများအပိုင်းကလည်း မိမိတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများတိုးတက်အောင်မြင်အောင်၊ ဝင်ငွေတိုးပွားပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားအောင် ကြိုးစားအားထုတ်ဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ကြောင်း။

ဤကဲ့သို့ ပြည်သူများကလည်း ကြိုးစားအားထုတ်ဖို့ လိုအပ်သကဲ့သို့ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ပြည်သူများ၏လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် စည်းရုံးဦးဆောင်ပြီး လိုအပ်သည်များကို ပံ့ပိုးပေးကြရမှာဖြစ်ကြောင်း။

ဝီရိယနှင့်စေတနာပေါင်းစပ်

သို့ဖြစ်၍ နိုင်ငံတော်၏ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူ အသီးသီးက ဝီရိယအားနှင့် စေတနာအား ပေါင်းစပ်ပြီး စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် မိမိဒေသ မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရအောင်ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စိမ်းလန်းစိုပြည်မှုကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်ရင်ပြင်ရှိ သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင် မွမ်းမံထားမှုကိုလည်းကောင်း၊ ကျိုက်ထီးရိုးတောင်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ထပ်မံဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ ရင်ပြင်တော်ပေါ်ရှိ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး ထပ်မံနှုတ်ဆက်သည်။

ယင်းမှ တစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင် ဆီမီး ၉၀၀၀ မွှာရုံခန်းမ၌ မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန၏ နှစ်သစ်မင်္ဂလာအခါတော် အဘယဒါန ဇီဝိတဒါန သက်လွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၇

သာသနာရေးဝန်ကြီးဌာန၏ ကောဒသမ အကြိမ်မြောက် ၁၃၆၆ခုနှစ် နှစ်သစ်မင်္ဂလာအခါတော် အဘယဒါန ဇီဝိတဒါန သက်လွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်း ပဓာနမဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသန အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်၊ သာသနာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ၊ အပူဇော်ခံ အဘိုး အဘွားများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

အဘယဒါန

အစီအစဉ်အရ အခမ်းအနား မစတင်မီ ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဦးဆောင်၍ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက နှစ်သစ်မင်္ဂလာ အခါတော် အဘယဒါန သက်လွှတ်ပွဲအဖြစ် ဝိဇယမင်္ဂလာ ဓမ္မသဘင်ရှေ့၌ ငှက်ကောင်ရေ ၁၀၈ ကောင်ကို ဘေးမဲ့လွှတ်ပေးကြသည်။

ဇီဝိတဒါန

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဦးဆောင်၍ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက အဘယဒါန အတာအိုးများကို ကိုင်ဆောင်ပြီး ကမ္ဘာအေးစေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုပြီး မဟာသိမ်တော်ကြီး၏ တောင်ဘက်ရှိ ဘေးမဲ့ကန်တော်ကြီး၌ အဘယဒါန အတာအိုးများအတွင်းရှိ ငါးကောင်ရေ ၅၀၀တို့ကို ဇီဝိတဒါန အဖြစ် လွှတ်ပေးကြသည်။

ထိုအချိန်တွင် ဝန်ထမ်းများက ဝိဇယမင်္ဂလာ ဓမ္မသဘင် ဝင်းအတွင်း၌ သက်ကြီးဘိုးဘွားများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း လက်သည်း ညှပ်ပေးခြင်းနှင့် အမွှေးနံ့သာရည်များ လိမ်းကျံပေးခြင်းတို့ဖြင့် ပူဇော်ကြသည်။

သီလခံယူ

ယင်းနောက် နှစ်သစ်မင်္ဂလာအခါတော် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကင်းမြို့နယ် ကျိုက်ပိကျောင်း ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့်ဌာနဆိုင်ရာ အကြီးအကဲများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က နှစ်သစ်မင်္ဂလာအခါတော်တွင် မြန်မာ့ရိုးရာစဉ်လာမပျက် သက်ကြီးပူဇော်ပွဲ ပြုလုပ်ရခြင်းနှင့် အဘယဒါန ဇီဝိတဒါန သက်လွှတ်ပွဲ ပြုလုပ်ရခြင်း၏အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပူဇော်ကန်တော့

ယင်းနောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ပရိသတ်များက အဘိုးအဘွားများအား ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာနှင့်အညီ ပူဇော်ကန်တော့ကြသည်။

ထို့နောက် အပူဇော်ခံ အဘိုးအဘွားများဖြစ်ကြသော ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၃၁ မြို့နယ်တို့မှ ဘိုးဘွား ၆၂ဦးနှင့် ဝန်ထမ်းများ၏ မိဘများဖြစ်ကြသည့် ဘိုးဘွား ၃၂ဦး အပါအဝင် စုစုပေါင်း အဘိုးအဘွား ၉၄ဦးတို့အား ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် ဇနီးနှင့်ဌာနဆိုင်ရာ အကြီးအကဲများက လှူဖွယ်ပစ္စည်းများ ပေးလှူကန်တော့ကြသည်။

ဆုတောင်းမေတ္တာပို့သ

ဆက်လက်၍ အပူဇော်ခံ အဘိုးအဘွားများကိုယ်စား မရမ်းကုန်းမြို့နယ်မှ အသက် (၉၁)နှစ်ရှိ အဘွား ဒေါ်ခင်ကြည်က ဆုတောင်းမေတ္တာပို့သသည်။

ယင်းနောက် အပူဇော်ခံ အဘိုးအဘွားများကိုယ်စား မရမ်းကုန်းမြို့နယ်မှပင် အသက် (၈၆)နှစ်ရှိ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ အဘိုး ဦးစံသိန်း (စာရေးဆရာ သီဟဆွေ)က ဩဝါဒစကား ပြောကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

✳ လောကချမ်းသာမှ

ယင်းနောက် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ တံံကြား ဦးသန်းလှက မျက်နှာသစ်တော်ရေ ပူဇော်မှု ဒါနအစုစုတို့ကို (၃၁)ဘုံသားတို့အား အမျှပေးဝေသည်။

ထို့နောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

မင်္ဂလာအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မင်းဓမ္မကုန်းတော်ပေါ်ရှိ ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

● ၁၃၆၆ခုနှစ်မှ

ထို့အပြင် ရန်ကုန်မြို့တော်အတွင်းရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်တွင် စေတီတော်နေ့အလိုက် ရင်ပြင်တော် သန့်ရှင်းရေး တံမြက်လှည်းအသင်းများ၊ ဝတ်အသင်းများ၊ ရွှေစင်ရွှေပြား ကပ်လှူအသင်းများက မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီး အမွှေးနံ့သာများ ကပ်လှူခြင်း၊ စုပေါင်းသီလခံယူခြင်း၊ သောက်ရေသန့်ဘူးများ၊ အအေးများကို စတုဒိသာဒါနပြုခြင်း၊ ကျေးငှက်နှင့် ငါးများကို အဘယဒါန၊ ဇီဝိတဒါန အဖြစ် ဘေးမဲ့လွှတ်ခြင်း စသည့် ကောင်းမှုကုသိုလ်များ ပြုကြသကဲ့သို့ မိသားစုအလိုက် ကုသိုလ်ပုညဆည်းပူးကြသူများကလည်း နံနက်အရုဏ် တက်ချိန်မှစ၍ မြတ်စွာဘုရားအား ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ မေတ္တာဘာဝနာ စီးဖြန်းခြင်း၊ သံဃာတော်များအား ဆွမ်းလောင်းလှူခြင်း၊ သီတင်းသီလဆောက်တည်ခြင်းစသည့်ကုသိုလ်ကောင်းမှုများ ပြုမူကြသည့်အပြင် စေတီတော် ပရိဝုဏ်အတွင်း၌ ဘုရားဖူးပရိသတ်စည်ကားရာ အရပ်တို့၌ ရေသန့် လုပ်ငန်းရှင်များ၊ အဖျော်ရည် လုပ်ငန်းရှင်များကလည်း ၎င်းတို့ ထုတ်လုပ်သောရေသန့်ဘူးများ အဖျော်ရည်ဘူးများကို စတုဒိသာ ဒါနပြုကြသည်ကို တွေ့ရှိရသည်။

ထို့အပြင် ရန်ကုန်မြို့တော်အတွင်းရှိ ... တော်မြတ်ကြီး၌လည်း ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက်ပိုင်းတွင် ရုပ်ပွားတော်မြတ်ကြီးအား အရုဏ်ဆွမ်း ဆက်ကပ် လှူဒါန်းခြင်း၊ နေ့လယ်ပိုင်းတွင် မင်္ဂလာကန်တော်၌ ပထမအကြိမ် ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပခြင်းနှင့် ညနေပိုင်းတွင် ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေခြင်း စသည့် ကုသိုလ်ပွဲများကို ကျင်းပသည့်အပြင် နှစ်သစ်မင်္ဂလာ အခါတော်နေ့တွင် ကုသိုလ်ပုည ဆည်းပူးကြသူများဖြင့် စည်ကားလျက်ရှိသည်။ (သတင်းစဉ်)

သီလယူ

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၊ ဆူးလေစေတီတော်၊ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၊ ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ငါးထပ်ကြီး၊ မယ်လမုစေတီတော်၊ စွယ်တော်မြတ်စေတီတော်၊ ကျိုက္ကစံစေတီတော်နှင့် မိုးကောင်းစေတီတော်တို့၌ ဆရာတော် သံဃာတော်များက သီလပေးခြင်း၊ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က နှစ်သစ်မင်္ဂလာ တရားတော်များ ဟောကြားချီးမြှင့်ခြင်း၊ ဘုရားဖူးလာ ပြည်သူများက သားငှက်တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသည့် ကုသိုလ်ကောင်းမှုပြုမှုများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့အတူ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်းဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမိသားစုများ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ပရိတ်တရားတော်များနာယူ

ရန်ကုန် ဧပြီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမိသားစုများ၏ မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ရက် (၂၀၀၄ခုနှစ် ဧပြီ ၁၇ရက်)မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များနာယူခြင်း အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ ရန်ကုန်မြို့ ဒဂုံပရိယတ္တိ စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ဒဂုံပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒနှင့် ဆရာတော် သံဃာတော်များက ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ပဓာနနာယကဆရာတော်ထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မြန်မာနှစ်သစ် မင်္ဂလာအတွက် မင်္ဂလသုတ်ပရိတ်တော်နှင့် အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ဇနီးနှင့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ဆရာတော် ဘဒ္ဒန္တကေသရထံမှ ဧည့်ပရိသတ်တို့က နဝင်္ဂသီလ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မင်္ဂလသုတ်နှင့်အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းအေးနှင့် တာဝန်ရှိသူတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းနှင့် တာဝန်ရှိသူများ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မိသားစုများ၏ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များနာယူခြင်း အခမ်းအနားတွင် ဆရာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြစဉ်။ (သတင်းစဉ်)

ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းနှင့်စာနယ်ဇင်း

အလားတူ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူခြင်းနှင့် ဆွမ်းဆက်ကပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းအေး၊ အကြံပေး ပုဂ္ဂိုလ် ဦးတင်ခ၊ ညွှန်ကြားရေးမှူးများ၊ စာတည်းမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပုဇွန်တောင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မြသိန်းတန် ပရိယတ္တိ စာသင်

ကိုယ်ပွားသတင်းစာတိုက်

အလားတူ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့ မြန်မာ့အလင်း၊ ကြေးမုံကိုယ်ပွား သတင်းစာတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ပင့်သံဃာတော် ငါးပါး ကြွရောက်တော် မူကြပြီး ကိုယ်ပွားသတင်းစာတိုက် စာတည်း ဗိုလ်ကြီးညွန့်ဇော်နှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများက ငါးပါးသီလ ခံယူဆောက်တည် ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်တို့က အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွား ချီးမြှင့်တော်မူကြသည်။

ယင်းနောက် စာတည်း ဗိုလ်ကြီးညွန့်ဇော်နှင့်တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၏ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူခြင်းနှင့် ဆွမ်းဆက်ကပ်ခြင်းအခမ်းအနားတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းအေးနှင့် ဧည့်ပရိသတ်တို့က ဆရာတော်ထံမှ နဝင်္ဂသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် စစ်တွေမြို့နယ် နာရီကန် တံတားဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရခိုင်ပြည်နယ် စစ်တွေမြို့နယ် နာရီကန်တံတားဖွင့်ပွဲ အခမ်းအနားတွင် မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

✧ ရန်ကုန်–စစ်တွေကားလမ်းမှ

စောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်တွေပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့်ပေါက်တောမြို့နယ်တို့မှ ရပ်မိရပ်ဖများနှင့် ဒေသခံအနီး ပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများ၊ ရခိုင်ရိုးရာစည်တော်အဖွဲ့၊ သင်္ကြန်ယိမ်းအကအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့မှ အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၀၀၀ခန့် တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကား ပြောကြားရာ၌ နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်း ဆက်သွယ်ရေးသည် အရေးအကြီးဆုံး နှင့် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်စီးပွားရေး လုပ်ငန်းများသည်လည်း တိုးတက်လာပြီး ဒေသ၏ စီးပွားရေးအခြေအနေများမှာလည်း တိုးတက်ဖြစ်ထွန်းလာမှာဖြစ်သကဲ့သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေအနေများသည်လည်း ဟန်ချက်ညီညီ တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း။

ထို့အပြင် တိုင်းရင်းသားအချင်းချင်း အထိအတွေ့ အဆက်အဆံများပြားလာပြီး အသိအမြင်များကို အပြန်အလှန်ဖလှယ်နိုင်ကြမှာဖြစ်ကြောင်း၊ ချစ်ကြည်ရင်းနှီးမှု၊ နားလည်စာနာမှု၊ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲလာမှာဖြစ်သကဲ့သို့ ပြည်ထောင်စု စိတ်ဓာတ်သည်လည်း တိုးတက် ပွားများလာမှာဖြစ်ကြောင်း။

အထူးအလေးထားကြိုးပမ်း

ထို့ကြောင့် ပြည်နယ်နှင့်တိုင်း နယ်မြေဒေသအားလုံးတွင် လမ်းပန်း ဆက်သွယ်ရေးတိုးတက် ကောင်းမွန်ရေး အတွက် နိုင်ငံတော်က အထူးအလေး ထားကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တစ်ချိန်က လေကြောင်းလမ်းနှင့် ရေကြောင်းလမ်းကိုသာ အဓိက အားထား အသုံးပြုခဲ့ရပြီး သွားလာမှုခက်ခဲသည့် ရခိုင်ပြည်နယ်တွင် လမ်းပန်း ဆက်သွယ်မှုကောင်းမွန်စေရန်အတွက် နိုင်ငံတော်က လမ်း၊ တံတားများစွာကို ဘဏ္ဍာငွေအမြောက်အမြားအကုန်အကျခံပြီး တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်တိုင်းများအကြား ဆက်သွယ်သည့် ကုန်းလမ်းဝင်ပေါက် သုံးခုဖြစ်သည့် အမ်း–မင်းဘူးလမ်း၊ တောင်ကုတ်–ပန်းတောင်းလမ်းနှင့် ဂွ–ငါးသိုင်းချောင်းလမ်းများရှိသော်လည်း ပြည်နယ်အတွင်းပိုင်းနှင့် ဆက်စပ်သွားလာနိုင်သည့် မော်တော်ကားလမ်း မရှိသည့်အတွက် ပြည်နယ်အတွင်း သွားလာမှုအဆင်မပြေဖြစ်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် မော်တော်ကားလမ်းသစ်များ ဖောက်လုပ်ပေးခဲ့ရာ ပထမဆုံး ရန်ကုန်–စစ်တွေ ပြည်ထောင်စုလမ်းမကြီးကို ၂၀၀၀ပြည့်နှစ်တွင် ဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း။

ယခုဆိုလျှင် ရခိုင်ပြည်နယ်က တိုင်းရင်းသားများအနေဖြင့် စစ်တွေ–မြောက်ဦး – အမ်းကားလမ်းမကြီးမှ တစ်ဆင့် မြန်မာပြည်အနှံ့ကို သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ယင်းနောက် ကျောက်ဖြူ–မအီ–တောင်ကုတ်လမ်း၊ မအီ–အမ်းလမ်းတို့ကို အင်တိုက်အားတိုက် ဖောက်လုပ်နေခြင်းကြောင့် တောင်ကုတ်–ပန်းတောင်းလမ်း၊ဂွ–ငါးသိုင်းချောင်းလမ်းတို့နှင့် ပေါင်းစပ်လိုက်ပါက နိုင်ငံနှင့်အဝန်း သွားလာနိုင်သည့် လမ်းမကြီးသုံးသွယ်သည် ခိုင်ခိုင်မာမာ တည်ရှိလာတော့မှာဖြစ်ကြောင်း။

တောင်ကုတ်နှင့် မအီကိုအခြေပြုပြီး ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကို ရွှံ့ညွှန်တောများအတွင်း Geotextile နည်းကိုသုံးပြီး ခက်ခက်ခဲခဲဖြတ်ကျော် ဖောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း၊ အဆိုပါ လမ်းမကြီး ဖောက်လုပ်ပြီးစီး သွားပြီး လိုအပ်သည့် တံတားများ ကိုလည်း တည်ဆောက်ပြီးစီးသွားမည် ဆိုပါက အမ်း–မအီ–ကျောက်ဖြူလမ်း၊ အမ်း–မအီ–တောင်ကုတ်လမ်း တို့ပေါ်ထွက်လာပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းတို့ကို ဆက်စပ်သည့် ရခိုင်ကမ်းရိုးတန်း လမ်းမကြီးအဖြစ် ပေါ်ထွက်လာတော့မှာ ဖြစ်ကြောင်း၊ ရန်ကုန်–ကျောက်ဖြူ လမ်းမကြီးသည်လည်း ရန်ကုန်–စစ်တွေလမ်းမကြီး ကဲ့သို့ပင် ခိုင်ခိုင်မာမာ ပေါ်ထွက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် အမ်းမှ တစ်ဆင့်၊ တောင်ကုတ်မှတစ်ဆင့်၊ ဂွမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်နိုင်သည့် ဝင်ပေါက်သုံးခုကို အခြေတည်ပြီး လမ်းမကြီးလေးသွယ်သည် မကြာမီအတွင်း တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်လာတော့မှာဖြစ်ကြောင်း။

အချိန်နှင့်တစ်ပြေးညီ

ရခိုင်ပြည်နယ်အတွင်း၌ လမ်းမကြီးများဖောက်လုပ်မှုနှင့်အတူ လိုအပ်သည့် တံတားတည်ဆောက်မှု လုပ်ငန်းများ ကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်အောင် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ယခုဖွင့်လှစ်သည့် နာရီကန် တံတားသည် ရန်ကုန်–စစ်တွေလမ်းမကြီး ပေါ်မှာရှိသည့် မူလတံတားဟောင်းအစား သံကူကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်ခဲ့သည့် တံတားတစ်စင်းဖြစ်ကြောင်း၊ တံတားအရှည်ပေ ၃၀၀၊ အကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေရှိသည့် နှစ်လမ်းသွား တံတားဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် နာရီကန်တံတားသည် ၁၉၈၈ ခုနှစ် နောက်ပိုင်း နိုင်ငံတော်အနေဖြင့် တည်ဆောက် ခဲ့သည့် ၁၈၃စင်းမြောက် ပေ၁၈၀အထက် တံတားတစ်စင်းဖြစ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့်အစင်း ၁၇၀မြောက် တည်ဆောက်ခဲ့သည့် တံတားဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် အတွက်ဆိုလျှင် ၂၉စင်းမြောက် တံတားလည်းဖြစ်ကြောင်း၊ ဤတံတားပြီးစီးမှုသည် ရန်ကုန်– စစ်တွေလမ်းမကြီး၏ ကုန်စည်စီးဆင်းမှုနှင့် လုံခြုံချောမွေ့မှုကို တစ်ဆင့် မြှင့်တင်ပေးခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်က ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနေသကဲ့သို့ ပညာရေးကဏ္ဍတွင်လည်း အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ခြင်း၊ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် အဆင့်မြင့်ပညာရပ်များကို ဒေသအတွင်းမှာပင် လွယ်လွယ်ကူကူ သင်ယူနိုင်အောင် တက္ကသိုလ်နှင့် ကောလိပ်များကိုတည် ထောင်ခြင်းများ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍတွင်လည်း ခုတင် (၂၀၀)ဆံ့နှင့် ခုတင် (၁၀၀)ဆံ့အထူးကုဆေးရုံကြီးများကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဝန်ထမ်း၊ ဆေးဝါးနှင့် ဆေးပစ္စည်း ကိရိယာများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေး

အလားတူပင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတို့တွင်လည်း လိုအပ်သည့် အစီအမံများ၊ ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ ထို့အပြင် မြို့ပြများသာမက ကျေးလက်ဒေသများပါ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းငါးစဉ်ရပ်ကိုချမှတ်ပြီး ဖွံ့ဖြိုးရေး ကွန်ရက်ချိတ်ဆက်မိအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရခိုင်ပြည်နယ်သည် ရေသယံဇာတ၊ မြေသယံဇာတ၊ ပင်လယ်ပြင်သယံဇာတကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခုဆိုလျှင်သဘာဝဓာတ်ငွေ့သိုက်ကြီးတစ်ခုကို တွေ့ရှိထားပြီးဖြစ်ကြောင်း၊ တည်ရှိပြီးဖြစ်သည့် သယံဇာတများကို လူ့စွမ်းပကားဖြင့် တန်ဖိုးတက်အောင် မြှင့်တင် အားထုတ် ဆောင်ရွက်ပြီး နိုင်ငံတော်က စီမံဆောင်ရွက်ပေးမှု၊ ဖြည့်ဆည်းကူညီမှုများနှင့် ပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက ရခိုင်ပြည်နယ်သည် နောင် မကြာမီ ကာလ အတွင်း၌ နိုင်ငံတော်အတွက် စီးပွားရေးအရ အဓိကအားထားရသည့် ပြည်နယ်ကြီးတစ်ခုဖြစ်လာတော့မှာ မလွဲဧကန်ဟု ဆိုရမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အပိုင်းက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာရေးကို အထောက်ကူပြုမည့် အခြေအနေကောင်းများကို ဖန်တီးပေးနေသကဲ့သို့ ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း မိမိတို့ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝတိုးတက်မြင့်မားရေးအတွက် ဝီရိယစိုက်ထုတ် ကြိုးပမ်း လုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နာရီကန် တံတားကို တာဝန်ယူတည်ဆောက်ပေးသည့် တာဝန်ခံအဆင့်ဆင့်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ အားပေးအထောက်အကူပြုကြသည့် ဒေသခံများအားလည်းကောင်း မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင်ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြပါဟု မှာကြားရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ရခိုင်ပြည်နယ်အတွင်းတွင် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန် လျာထားသော တံတားများအနေဖြင့် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဤ နာရီကန်တံတား အပါအဝင် ဖွင့်လှစ်ပေးခဲ့ပြီး ပေ၁၈၀ အရှည်နှင့် အထက် တံတား၂၉စင်းရှိပြီဖြစ်ကြောင်း၊ ရန်ကုန်–ကျောက်ဖြူလမ်းပေါ်တွင် နောက်ထပ်တည်ဆောက်နေသည့် လုံးတော်ပေါက်၊ သံသမကြီး၊ သံသမချေ၊ သဇင်တန်ပေါက်နှင့် မင်းကြောင်းချောင်းစသည့် တံတားကြီးငါးစင်းကိုလည်း အမြန်ပြီးစီးအသုံးပြုနိုင်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာနက အင်ဂျင်နီယာများနှင့် ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်တည်ဆောက်ရန် လျာထားသည့် ဝန်ဖိုက်နှင့် ဆားပြင်တံတားများလည်း ရှိသေးကြောင်း။

ယနေ့ဖွင့်လှစ်ပေးသည့် နာရီကန် တံတားကြီးကို နှစ်နှစ်နှင့်လေးလအတွင်း တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်–စစ်တွေလမ်းဖွင့်လှစ်စဉ်က ဤတံတားသည် RPTနှင့် ဘေလီတွဲဆက်တည်ဆောက်ထားသည့် တစ်လမ်းမောင်းတံတား တစ်စင်းဖြစ်ခဲ့ကြောင်း၊ ယခုအချိန်တွင် ယာဉ်သွားလာမှု ထူထပ်လာသကဲ့သို့ ဝန်လေးယာဉ်များလည်း ဖြတ်သန်းမှုများလာသဖြင့် လိုအပ်ချက်အရ နှစ်လမ်းမောင်း သံကူ ကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်ပေးခြင်းဖြစ်ကြောင်း တံတားဖွင့်လှစ်ပေးနိုင်သည့်အတွက် ရန်ကုန်–စစ်တွေလမ်းအပိုင်းတွင် ယခင်ကထက်ပိုမိုပြီး လုံခြုံချောမွေ့စွာ အသုံးပြုနိုင်တော့မှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက အမှာစကား ပြောကြားရာတွင် ၂၀၀၄ ခုနှစ် မတ် ၂၂ ရက်နေ့က တောင်ကုတ် – မအီ – ကျောက်ဖြူလမ်းမကြီးပေါ်ရှိ ဒီးဒုတ်ပေါက်တံတားကို ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပြီးစီးခဲ့၍ အရှည်ပေ၁၈၀အထက် အခိုင်အမာ တံတားကြီး ၂၈စင်းမြောက်အဖြစ် ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည့်အတွက် ယခု ဖွင့်လှစ်လိုက်သည့် နာရီကန် တံတားကြီးသည် ရခိုင်ပြည်နယ်အတွင်း၌ ၂၉စင်းမြောက် အခိုင်အမာတံတားကြီးအဖြစ် မှတ်တမ်းတင်နိုင်ပြီဖြစ်ကြောင်း။

ယခုကဲ့သို့ တံတားတည်ဆောက်ပြီးစီးခဲ့သည့်အတွက် ရခိုင်ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၌ အထောက်အကူပြု လာနိုင်မှာ ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် တံတားထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ် မောင်ဦးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က နာရီကန်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နာရီကန်တံတားမှတ်တမ်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးနောက် ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

❒ စာမျက်နှာ ၁၄ ကော်လံ ၆ သို့

ဖူးကြီးရေလှောင်ကန်တွင်ပရိတ်ရေသွန်းလောင်း

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်မြို့တော်အတွင်း မှီတင်းနေထိုင်ကြသောပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ပရိတ်တရားတော်များရွတ်ပွားသရဇ္ဈာယ်ခြင်းနှင့် ရေလှောင်ကန်ကြီးအတွင်းသို့ ပရိတ်ရေများသွန်းလောင်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဖူးကြီးရေလှောင်ကန်ဧည့်ရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဘဒ္ဒန္တတေဇနိယထံမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်နှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းနှင့်ဇနီး၊ ဧည့်ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။ ထို့နောက် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပရိသတ်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။

ထို့နောက် ရန်ကုန်မြို့တော်နေပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ဆရာတော် သံဃာတော်များနှင့် မြို့တော်ဝန်**(အောက်ပုံ)**၊ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့က ဖူးကြီးရေလှောင်ကန်အတွင်းသို့ ရေယူအဆောက်အအုံပေါ်မှ ပရိတ်ရေများကို သွန်းလောင်းကြသည်။

ထို့ပြင် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဦးသောင်းရင်နှင့် ဝန်ထမ်းများက ဂျိုးဖြူ၊ လှော်ကား၊ ငမိုးရိပ်ရေလှောင်ကန်များအတွင်းသို့လည်း ပရိတ်ရေများ သွန်းလောင်းကြသည်။ (၁၉)

ဖူးမြော် ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေမြို့ရှိ လောကာနန္ဒာ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးနှင့် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးအား ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းဖူးမြော်ကြည်ညို

ရန်ကုန် ဧပြီ ၁၇

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧပြီ ၁၆ရက်ညပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးသို့ရောက်ရှိရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ လောကာနန္ဒာစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိုသာထွန်းနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စေတီတော်လိုဏ်အတွင်းရှိ ကဿပဘုရား ဘူမိဖဿရုပ်ပွားတော်မြတ်အား ဖူးမြော်ကာ ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် စေတီတော်လိုဏ်အတွင်း လက်ယာရစ်တစ်ပတ်လှည့်လည် ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ဝင်များက စေတီတော်မြတ်ကြီး ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံရေးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ဝင်များအား ပေးအပ်လှူဒါန်းသည်။

လှည့်လည်ကြည်ညို

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် စေတီတော်ရင်ပြင်၌ လှည့်လည်ကြည်ညိုပြီးနောက် စေတီတော် ပရိဝုဏ်ရှိ အောင်စကြာမုနိ သိမ်တော်မြတ်ကြီး၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော စကြာမုနိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးလိုက်ပါလျက် အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အတုလမာရဇိန် ပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့အား စေတီတော် ဂေါပကအဖွဲ့ဝင်များက ဘုရားကြီး ဘက်စုံပြုပြင် မွမ်းမံဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဘုရားကြီး ဘက်စုံပြုပြင်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံယူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးအတွင်း လှည့်လည်ကြည်ညိုကြသည်။

အဆိုပါ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးသည် ဥဏှိသာတော်အမြင့် ကိုးတောင်တစ်မိုက်၊ ပလ္လင်တော်အမြင့် ခြောက်တောင်ရှိသည်။ မျက်နှာတော်တွင် ပဉ္စလောဟာရတနာ ငါးမျိုးပါဝင်သည်။

ရခိုင်ပြည်နယ်တွင် အကြီးဆုံးသော ကြေးသွန်းဆင်းတုတော် တစ်ဆူဖြစ်ပြီး ကြေးပိဿာချိန် ၅၄၂၆ ပိဿာဖြင့် သွန်းလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁၆ရက် သင်္ကြန်အတက်နေ့ ည ၈နာရီတွင် မန္တလေး မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် တက်ရောက်၍ ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အလှပြယာဉ် ပထမဆုရ မန္တလေးခရိုင် ကိုယ်စားပြု "မြနန်းမန္တလာ"ကို ပထမတံခွန်စိုက် ဆုဖလားနှင့် ဆုငွေကျပ်တစ်သိန်းနှစ်သောင်း၊ ဒုတိယဆုရ ကျောက်ဆည်ခရိုင်ကိုယ်စားပြု "မက္ခရာပျိုဖြူ" အလှပြယာဉ်ကို ဒုတိယဆုဖလားနှင့် ဆုငွေကျပ် တစ်သိန်းတစ်သောင်းနှင့် တတိယဆုရ မိတ္ထီလာခရိုင်ကိုယ်စားပြု "ထီလာမေ" အလှပြယာဉ်ကို တတိယဆုဖလားနှင့် ဆုငွေကျပ်တစ်သိန်းတို့ကို ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်ပုကစတုတ္ထဆုရ ပြင်ဦးလွင်ခရိုင်ကိုယ်စားပြု "ချယ်ရီမေ" အလှပြယာဉ်ကို ဆုဖလားနှင့် ဆုငွေကျပ် ကိုးသောင်း၊ ပဉ္စမဆုရ ရမည်းသင်းခရိုင် ကိုယ်စားပြု "ရွှေပိတောက်သင်း" အလှပြယာဉ်ကို ဆုဖလားနှင့် ဆုငွေကျပ် ရှစ်သောင်း၊ ဆဋ္ဌမဆုရ မြင်းခြံခရိုင်ကိုယ်စားပြု "စကားဝါမြေ" အလှပြယာဉ်ကို ဆုဖလားနှင့် ဆုငွေကျပ် ခုနစ်သောင်းနှင့် သတ္တမဆုရ "ဈေးချိုသူ" အလှပြယာဉ်ကို ဆုဖလားနှင့် ဆုငွေကျပ် ခြောက်သောင်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက သင်္ကြန်အလှပြမဏ္ဍပ် ပထမဆုရ ကျန်းမာရေးမိသားစု အလှပြမဏ္ဍပ်ကို ပထမဆုဖလားနှင့် ဆုငွေကျပ်တစ်သိန်း၊ ဒုတိယဆုရ ချမ်းအေးသာစံမြို့နယ် ချမ်းအေးမန္တလာ အလှပြမဏ္ဍပ်ကို ဒုတိယဆုဖလားနှင့် ဆုငွေကျပ်ကိုးသောင်းနှင့် တတိယဆုရ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ အလှပြမဏ္ဍပ်ကို ဆုဖလားနှင့် ဆုငွေကျပ် ရှစ်သောင်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စန်းမောင်က အလှပြမဏ္ဍပ် စတုတ္ထဆုရ ပြည်ထဲရေးမိသားစု အလှပြမဏ္ဍပ်ကို ဆုဖလားနှင့်ဆုငွေကျပ် ခုနစ်သောင်း၊ ပဉ္စမဆုရ အခြေခံပညာမိသားစု အလှပြမဏ္ဍပ်ကို ဆုဖလားနှင့် ဆုငွေကျပ်ခြောက်သောင်းတို့ကို လည်းကောင်း၊ ကော်မတီဝင်(၁) ဦးမြင့်သိန်းက နှစ်သိမ့်ဆု(၁)ရရှိသော ဟိုတယ်/ခရီး မိသားစုမဏ္ဍပ်၊ နှစ်သိမ့်ဆု(၂)ရရှိသော မောရိယမိသားစုမဏ္ဍပ်၊ နှစ်သိမ့်ဆု(၃)ရရှိသော မထသ(မြို့တွင်း)မဏ္ဍပ်တို့ကို ဆုဖလားနှင့်နှစ်သိမ့်ဆုငွေ ကျပ်နှစ်သောင်းစီတို့ကို အသီးသီး ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းက "ပျော်ရွှင်ဆင်နွှဲ မန်းသင်္ကြန်ပွဲ" ရောင်စုံဓာတ်ပုံ ပြိုင်ပွဲတွင် ပထမဆုရ ဦးဘိုသင်းအား ဆုငွေကျပ် ခုနစ်သောင်း၊ ဒုတိယဆုရ အောင်အောင်(နန်းရှေ့)အား ဆုငွေကျပ် ငါးသောင်းနှင့် တတိယဆုရ ဦးဆန်းဦး(တိမ်လွှာ)အား ဆုငွေကျပ် သုံးသောင်းတို့ကို ပေးအပ် ချီးမြှင့်သည်။

ဧည့်ခံဖျော်ဖြေ

ထို့နောက် ကော်မတီဝင်(၂) ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းက နှစ်သိမ့်ဆု(၁)ရရှိသော ဦးစိုးပိုင်သူ (ရွှေကျောင်းကြီး)၊ နှစ်သိမ့်ဆု(၂)ရရှိသော ဦးအေးကို (မော်လမြိုင်)နှင့် နှစ်သိမ့်ဆု(၃)ရရှိသော ဦးမောင်မောင်ယဉ်တို့အား ဆုငွေကျပ် နှစ်သောင်းစီ အသီးသီးချီးမြှင့်ပြီး ကော်မတီဝင်(၃) ဦးစောလွင်က နှစ်သိမ့်ဆု(၄)ရရှိသော ဦးဟန်ဝင်းနီ(ပန်သစ္စာ) နှင့် နှစ်သိမ့်ဆု(၅)ရရှိသော ဦးအောင်ဝင်း(ချယ်ရီဝင်း) တို့အား ဆုငွေကျပ်နှစ်သောင်းစီ ပေးအပ်ချီးမြှင့်ပြီး ဆုပေးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ အလှပြယာဉ် ပထမဆုကို နှစ်စဉ်ဆက်တိုက် ဗိုလ်စွဲနေသည့် မန္တလေးခရိုင်ကိုယ်စားပြု "မြနန်းမန္တလာ" အလှပြယာဉ်၊ ဒုတိယဆုရ ကျောက်ဆည်ခရိုင်ကိုယ်စားပြု "မက္ခရာပျိုဖြူ" အလှပြယာဉ်နှင့် တတိယဆုရ မိတ္ထီလာခရိုင်ကိုယ်စားပြု "ထီလာမေ" အလှပြယာဉ်တို့က အဆို၊ အတီး၊ အကတို့ဖြင့် ဧည့်ခံဖျော်ဖြေသည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်မှ မန်းစည်ပင်တေးဂီတအဖွဲ့နှင့် သင်္ကြန် လှပျိုဖြူများက အဆို၊ အတီး၊ အကတို့ဖြင့်ဖျော်ဖြေပြီး နိုင်ငံကျော် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များက သင်္ကြန်တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် ည ၁၂နာရီတွင် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မြို့တော်ဝန် မဟာသင်္ကြန်ပိတ်ပွဲ အခမ်းအနားကိုကျင်းပရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းက နှစ်သစ်ကူး နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မန်းစည်ပင် တေးဂီတအဖွဲ့နှင့် ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ သင်္ကြန်လှပျိုဖြူများက "မန်းတောင်ရိပ်ခို" သင်္ကြန်တေးသီချင်းဖြင့် သံပြိုင်စုပေါင်း သီဆိုဖျော်ဖြေကြကာ ၁၃၆၅ခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကြီးကို အေးချမ်းပျော်ရွှင်စွာ ပိတ်သိမ်းလိုက်သည်။

မန္တလေးမြို့ သင်္ကြန်အတက်နေ့ ညပိုင်းတွင် ဆုရရှိကြသော အလှပြသင်္ကြန် မဏ္ဍပ်အသင်းများက အဆို၊ အတီး၊ အကအလှများဖြင့် ဖျော်ဖြေကြပြီး သင်္ကြန်ချစ်သူ ပြည်သူများကလည်း ညလုံးပေါက် ပါဝင်ဆင်နွှဲကြသည်။ (သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန နှစ်သစ်ကူးအလှူတော် နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ကျင်းပ

ရန်ကုန် ဧပြီ ၁၇

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေး၊ ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့်ဇနီး ဒေါ်ခင်မြနွယ်တို့အား အမှူးထား၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမိသားစု၏ (၁၃)ကြိမ်မြောက် နှစ်သစ်ကူးအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပရာ နံနက်ပိုင်းတွင် ဝန်ထမ်းမိသားစုများက ဘိုးဘွားများအား ခြေသည်းလက်သည်း ညှပ်ခြင်း၊ ခေါင်းလျှော်ခြင်း၊ အမွှေးနံ့သာများ လိမ်းကျံခြင်းများပြုလုပ်ကြသည်။

ဆက်ကပ်လှူဒါန်း

နံနက် ၉နာရီတွင် ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်း မိသားစုများက မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ဂန္ထဝါစက စာချဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက နှစ်သစ်ကူး အလှူဒါန ပြုရခြင်း အကြောင်း တင်ပြလျှောက်ထားပြီး မဟာသင်္ကြန် အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ လှူဒါန်းမှု အစုစုနှင့် သုံးထပ်ဘိုးဘွားဆေးရုံဆောက်လုပ်ရန် လှူဒါန်းငွေ၊ ဘိုးဘွားရိပ်သာ ပဒေသာပင်လှူဒါန်းငွေ စုစုပေါင်းအလှူငွေကျပ် ၃၂၇၈၀၀၀ ကို ဒုတိယဝန်ကြီးက နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းသည်။

ရေစက်သွန်းချ

ထို့နောက် ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချကြသည်။ ဆက်လက်၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီးဘိုးဘွားများ နေ့လယ်စာစားမှုကို ကြည့်ရှုသဒ္ဓါပွားကြသည်။

ညနေပိုင်းတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဘိုးဘွားများ ရန်ကုန်မြို့ စွယ်တော်မြတ်စေတီတော် မင်္ဂလာကန်တော်၌ ငါးဘေးမဲ့လွှတ်ခဲ့သည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ညောင်တုန်း-ရန်ကုန်၁၄ လက်မသဘာဝဓာတ်ငွေ့ ပိုက်လိုင်းအသစ် ဆက်သွယ်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(စွမ်းအင်)

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ရေနံ ဓာတ်ငွေ့ရည်စက်ရုံ စတင်စမ်းသပ်လည်ပတ်မှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ရေနံ ဓာတ်ငွေ့ရည်စက်ရုံ စတင်စမ်းသပ်လည်ပတ်နေမှုအခြေအနေကို သွားရောက် စစ်ဆေးသည်။

ဝန်ကြီးအား စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်၊ သဘာဝဓာတ်ငွေ့အသုံးပြုမှုနှင့်လျှပ်စစ်မီး ရရှိမှုအခြေအနေ၊ ရေနံဓာတ်ငွေ့ရည် ထုတ်လုပ်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းခွင် ထိခိုက်မှုအန္တရာယ်နှင့်မီးဘေးအန္တရာယ် ကင်းရှင်းရေး၊ နည်းပညာပိုင်းတို့ကို သေချာစွာ ကြပ်မတ်ဆောင်ရွက်ရေး၊ စမ်းသပ်လည်ပတ်သည့် ကာလဖြစ်၍ တတ်ကျွမ်းသူပညာရှင်များက အချိန်ပြည့် ကြပ်မတ်ရေးမှာကြားပြီးကျွမ်းကျင်သူတရုတ်ပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်းပေးအပ်ကာ စက်ရုံစမ်းသပ်လည်ပတ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)ကို ယခုအခါ စမ်းသပ်လည်ပတ်လျက်ရှိပြီး နက်ဖ်သာဓာတ်ဆီ၊ ပရိုပိန်းနှင့် ဗြူတိန်းဓာတ်ငွေ့ရည်များ ထုတ်လုပ်နိုင်ပြီဖြစ်သည်။ စက်ရုံစမ်းသပ်လည်ပတ်ခြင်းနှင့် အပြီးသတ်စစ်ဆေးခြင်းလုပ်ငန်းများပြီးပါက ရေနံဓာတ်ငွေ့ရည် စက်ရုံ(ညောင်တုန်း)မှ စီးပွားဖြစ် ရေနံဓာတ်ငွေ့ရည်များ ထုတ်လုပ်သွားတော့မည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် ညောင်တုန်း-ရန်ကုန် ၁၄ လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအသစ် ဆက်သွယ်ရေးလုပ်ငန်းခွင်များသို့သွားရောက်ကာ ပိုက်လိုင်းအသစ်များ နိုင်ငံခြားမှထပ်မံရောက်ရှိမှုအခြေအနေ၊ ပိုက်လိုင်းဆက်သွယ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးက ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်သို့ပိုက်များအချိန်မီပို့ဆောင်နိုင်ရေးနှင့် မိုးမကျမီ အချိန်မီ ပြီးစီးရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

တိုင်းရင်းသား၊တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များ ပဲခူးမြို့ရှိ ဘုရားများအား ဖူးမြော်ကြည်ညို

ရန်ကုန် ဧပြီ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ဖိတ်ကြားချက်အရ ၂၀၀၄ ခုနှစ် ရန်ကုန်မြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင် လိုက်ပါ၍ ယနေ့မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်အား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများကို ထည့်ဝင်လှူဒါန်းကြသည်။

ယင်းနောက် ယဉ်ကျေးမှု အဖွဲ့ဝင်များသည် ကမ္ဘောဇသာဒီ နန်းတော်ရာသို့ သွားရောက် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ဆက်လက်၍ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် စိန်သာလျောင်းဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ရွှေသာလျောင်းဘုရားနှင့် လေးမျက်နှာ ကျိုက်ပွန်စေတီတော်တို့ကို ဖူးမြော်ကြည်ညိုကြသည်။ (သတင်းစဉ်)

စစ်ဆောင်ပနားအဆိုအကအဖွဲ့ သန်လျင်ကျိုက်ခေါက်ဘုရားဖူးမြော်

ရန်ကုန် ဧပြီ ၁၇

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသောတရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ Mr. Yang Jianming ခေါင်းဆောင်သည့် အဖွဲ့ဝင် ၃၄ဦးပါ တိုင်အမျိုးသား စစ်ဆောင်ပနား အဆိုအကအဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် သန်လျင်မြို့ရှိ ဆံတော်ရှင် ကျိုက်ခေါက်ဘုရားသို့ ရောက်ရှိရာ ဂေါပကအဖွဲ့က ကြိုဆို၍ ဘုရားသမိုင်းအကျဉ်းချုပ်အား ရှင်းလင်းပြသပြီးနောက် စစ်ဆောင်ပနားအဆိုအကအဖွဲ့မှ ဘုရားကြီးအတွက် အလှူငွေများ လှူဒါန်းသည်။ ထို့နောက် ဘုရားကြီးအား လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်ဂေါက်ကွင်း(ဒညင်းကုန်း)တွင် ဦးမျိုးဝင်း (အဲဗားဝင်းကုမ္ပဏီ)သည် ဧပြီ၁၀ရက်မွန်းလွဲ၂ နာရီခွဲက ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၁၅)ကို ၁၅၅ ကိုက်အကွာမှ Precept D-FEEL No. 22 ဘောလုံးကို သံတုတ်နံပါတ်(၆) King Cobra SSi ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များအဖြစ် ဦးဦးမောင်(မန်နေဂျာ၊ ခရိုဘော၊ MPPE)၊ ဗိုလ်မှူးကြီး ချိုသန်းမောင် (ဆိပ်ကမ်း)၊ ဦးကျော်မြင့်လှိုင်(ဆည်မြောင်း)နှင့် ဒုတိယဗိုလ်မှူးကြီးထိန်ဝင်း (ငြိမ်း) တို့လည်း အတူကစားခဲ့ကြသည်။ (ကြေးမုံ)

မန္တလေးမြို့ရှိ ဟိုတယ်/ ခရီး မဟာသင်္ကြန်မဏ္ဍပ် သင်္ကြန်အတက်နေ့ ပျော်ရွှင်စွာရေကစားပြီး ပိတ်သိမ်း

ရန်ကုန် ဧပြီ ၁၇

မန္တလေးမြို့ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်၏ ဧပြီ၁၆ရက်အတက်နေ့ အစီအစဉ်များကို မန္တလေးမြို့ ကျုံးရှေ့ အင်းဝဟိုတယ်မျက်နှာစာရှိ အဆိုပါ မဟာသင်္ကြန်မဏ္ဍပ်၌ နံနက်ပိုင်းမှ စတင်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာ ပိတ်သိမ်းလိုက်သည်။

မဟာသင်္ကြန်အတက်နေ့ နံနက်ပိုင်းမှ ညနေပိုင်းအထိ အဆိုပါ မဏ္ဍပ်တွင် ရေသဘင်ပွဲပျော်ရွှင်စွာ ဆင်နွှဲကြသော သင်္ကြန်ချစ်သူပြည်သူများအား ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေး)မှ လှပျိုဖြူလေးများက ရိုးရာသင်္ကြန် ယိမ်းအကများဖြင့် လည်းကောင်း၊ ဆဲဗင်းဖိုးဆဲဗင်း ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ရုပ်ရှင်အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြရာ ကမ္ဘာလှည့်ခရီးသည်များလည်း တပျော်တပါး ပါဝင်ကခုန်ပြီး အတာရေပက်ဖျန်းကာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။

ညနေပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များ အသင်းတို့မှ အမှုဆောင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုပ်ရှင်အနုပညာရှင်များ၊ အဆိုတော်များ၊ ဖိတ်ကြားထားသူများ၊ သင်္ကြန်ချစ်သူ ပရိသတ်များ အားလုံးက ပျော်ရွှင်စွာ ရေကစားကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍပ်ကို ပိတ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ခန္တီးမြို့တွင် မိုးရေချိန်စံချိန်သစ်တင်

ရန်ကုန် ဧပြီ ၁၇

၂၀၀၄ခုနှစ် ဧပြီ ၁၇ ရက် မြန်မာစံတော်ချိန် နံနက်၀၉း၃၀နာရီတွင် ခန္တီးမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၄၉မီလီမီတာ(၁ဒသမ၉၃လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၁၄နှစ်အတွင်း ဧပြီလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄နာရီမိုးရေချိန် စံချိန်သစ်ဖြစ်ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်သည်။

❒ စာမျက်နှာ ၁၂ မှ အဆက်

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ် မောင်ဦး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများသည် တံတားကြီးကို ဖြတ်သန်းကြည့်ရှုကြသည်။

နာရီကန်တံတားမှာ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရန်ကုန်-စစ်တွေကားလမ်းမကြီး မိုင်တိုင် (၁၉၃)မိုင် (၂)ဖာလုံတွင် တည်ရှိသည်။

တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်သည်။တံတားအရှည်ပေ၃၀၀၊ ယာဉ်သွားလမ်း၊ အကျယ် ၂၄ပေဖြစ်သည်။ သုံးပေစီအကျယ်ရှိ လူသွားလမ်းများလည်းပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၄၈ပေ၊အမြင့် ကိုးပေဖြစ်သည်။

ခွင့်ပြုယာဉ်တန်ချိန်မှာ မော်တော်ယာဉ် တစ်စီးချင်း တန် ၆၀ ဖြစ်ပြီး နှစ်လမ်းမောင်းတံတားဖြစ်သည်။တံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့ (၁၀)က ၂၀၀၁ခုနှစ် နိုဝင်ဘာ ၉ရက်တွင် စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တာမွေ ပျားရည်ကုန်းရပ်ကွက် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၇

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှကြီးမှူး၍ အသက် (၇၅)နှစ်နှင့်အထက်အဘိုး၊အဘွားများအား သက်ကြီးပူဇော်ပွဲကို ပျားရည်ကုန်းလမ်းနှင့် (၁၄၈)လမ်းထိပ်ရှိ အောင်ဓမ္မာရုံ၌ ယနေ့နံနက် ၈နာရီက ကျင်းပသည်။

ရေးဦးစွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက ပူဇော်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အဘိုး၊ အဘွား ၄၁ ဦးတို့အား လက်အုပ်ချီမိုး ပူဇော်ကန်တော့ကြပြီး ရပ်ကွက်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် တက်ရောက်လာသူများက အဘိုး၊အဘွားများအား ကန်တော့ခံပစ္စည်းဖြင့် ပူဇော်ကန်တော့ကြပြီး တက်ရောက်လာသူ အဘွား ဒေါ်တင်တင်က ကျေးဇူးတင်သြဝါဒစကား ပြောကြားသည်။

(က-ပ)

အချိုရည်စတုဒိသာတိုက်ကျွေးလှူဒါန်း

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်မြို့ အမှတ်(၁၅) ကြားတောရလမ်း ဗဟန်းမြို့နယ်ရှိ တိပိဋက ဓမ္မရက္ခိတဗိမာန်ကြီးတွင် အလှူရှင် အောင်မာဂရေခဲစက်ပိုင်ရှင် ဒေါ်မိမိထွန်း မိသားစုကဘုရားဖူးလာပြည်သူများအား အချိုရည်များဖြင့် စတုဒိသာတိုက်ကျွေးလှူဒါန်းသည်။ (က-ပ)

ဒါတွေကို သိဖို့လိုတယ်

✻ မြှောက်တိုင်းလည်း မမြောက်နဲ့

✻ ခြောက်တိုင်းလည်း မကြောက်နဲ့

✻ ချော့တိုင်းလည်း မပျော့နဲ့

မီးကြွင်းမီးကျန် မရှိရန်၊ ကျင့်ကြံသတိ အမြဲရှိ

မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ မုံရွာနှင့် လားရှိုးမြို့တို့တွင် ကျင်းပ သင်္ကြန်ယိမ်းအကအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် ဧပြီ ၁၇

စစ်ကိုင်းတိုင်း မုံရွာမြို့ ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၆ နာရီခွဲက မုံရွာမြို့ ကုန်းသာယာရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်မောင်အုန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မုံရွာတပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ယိမ်းအကအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မုံရွာမြို့ ရတနာပုံ ရုပ်ကွက်ဥက္ကဋ္ဌ ဦးကျော်တင့်က မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အကြောင်း ရှင်းလင်းဖတ်ကြားပြီး တိုင်းမှူးဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်း မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုမဏ္ဍပ် ယိမ်းအက လုပ်ပျိုဖြူများနှင့် မုံရွာမြို့ပေါ်ရှိ ဖျော်ဖြေရေးမဏ္ဍပ် ၁၀ ခုတို့မှ ယိမ်းအကအဖွဲ့များက မြနန္ဒာသီချင်းဖြင့် စုပေါင်းကပြ ဖျော်ဖြေကြပြီး တိုင်းမှူးနှင့် ဇနီးက တက်ရောက်လာကြသူများအား အတာရေများ ပက်ဖျန်းကြသည်။ ဆက်လက်၍ အလှပြမော်တော်ယာဉ် ယိမ်းအဖွဲ့ ခုနစ်ဖွဲ့တို့က အလှည့်ကျ ဖျော်ဖြေ၍ ဗဟိုမဏ္ဍပ် ယိမ်းအက လုပျိုဖြူများက ပြန်လည် ကပြ ဖျော်ဖြေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၆ နာရီက လားရှိုးမြို့ မြို့တော်ခန်းမ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လားရှိုးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး၍ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြကာ ရေပက်ကစားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သဲတော ရေလှောင်တမံစီမံကိန်း တိုင်းမှူး ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၇

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၉ ရက် နံနက် ၈ နာရီက သာယာဝတီခရိုင် သဲတော ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တိုင်းမှူးအား သာယာဝတီခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ရေလှောင်တမံနှင့် ပတ်သက်သည့် အချက်အလက်များနှင့် စိုက်ပျိုးရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးက ရေလှောင်တမံ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကွဲ့ခိုင်ထိန်းသိမ်းမှုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး တမံ၏ရေပိုလွှဲနှင့် တမံပေါင် ကွဲ့ခိုင်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ယင်းနောက် တိုင်းမှူးသည် လက်ပံတန်းမြို့နယ် ဖိုးခေါင်ကျေးရွာရှိ မြစ်မခချောင်း ရေစီးရေလာကောင်းမွန်မှု အခြေအနေများနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မြစ်မခချောင်း တစ်ဖက်တစ်ချက်ရှိ ဖိုးခေါင်ကျေးရွာနှင့် စံရွှေးကျေးရွာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် နွေရာသီ ယာယီလူသွားတံတား တည်ဆောက်ရေး၊ ဖိုးခေါင်ကျေးရွာသွား မြေသားလမ်းမကြီးအား အဆင့်မြှင့်တင် ပြုပြင်ဖောက်လုပ်ရေးတို့ကို ဆွေးနွေးမှာကြားသွားသည်။ (သတင်းစဉ်)

ကျိုင်းတုံမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ရှမ်းရိုးရာ မဟာစည်တော်တင်ပွဲ အခမ်းအနားကို ဧပြီ ၁၂ ရက် မွန်းလွဲ ၁ နာရီက ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက် ကျိုင်းစံရပ်ရှိ စည်တော်တင်နေရာတွင် ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလင်းနှင့် ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျိုင်းတုံတပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ရိုးရာယဉ်ကျေးမှု အဖွဲ့များနှင့် မင်္ဂလာစည်တော်အဖွဲ့များ တက်ရောက်ကြသည်။

ဓလေ့ရိုးရာ

အစီအစဉ်အရ ဒေသခံ တိုင်းရင်းသားများဖြစ်ကြသည့် ဦးစိုင်းရှဲန်နှင့် ဦးနန်သန်းတို့က မင်္ဂလာစည်တော်နှင့် ပတ်သက်၍ ဓလေ့ရိုးရာ အမေးအဖြေများကို ပြုလုပ်ကြပြီးနောက် မင်္ဂလာစည်တော်ကို တီးခတ်မည့် အဖွဲ့များက စည်တော်တင်စင်ပေါ်သို့ တင်မြှောက်ကြသည်။

တီးခတ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဦးဆောင်၍ တာဝန်ရှိသူများက မင်္ဂလာစည်တော်အား တီးခတ်၍ ကင်ပွန်းရေ ပက်ဖျန်းခြင်းများ ဆောင်ရွက်ကြသည်။

အားပေး

ထို့နောက် မင်္ဂလာစည်တော်ပို့ဆောင်ရေးနာယက ဦးဟောင်ခမ်းနွံက မင်္ဂလာစည်တော် တီးခတ်မည့်အဖွဲ့သို့ မင်္ဂလာစည်တော်ကို အပ်နှံပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံ ပြည်သူများသည် အတာသင်္ကြန်ရေများကို အောင်သပြေခက်ဖြင့် အပြန်အလှန် ပက်ဖျန်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

ညနေ ၅ နာရီခွဲတွင် တိုင်းမှူးသည် ကျိုင်းတုံမြို့ နောင်တုံကန်အနီးရှိ ဗဟိုမဏ္ဍပ်တွင် ကျင်းပသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၏ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

သီဆိုကပြ

အစီအစဉ်အရ သင်္ကြန်ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခို သီချင်းဖြင့် ပျော်ရွှင်စွာ စုပေါင်း သီဆိုကပြဖျော်ဖြေကြသည်။

ရုပ်သိမ်း

ယင်းနောက် ဗဟိုမဏ္ဍပ်စင်မြင့်တွင် ကျိုင်းတုံတပ်နယ်နှင့် ဌာနဆိုင်ရာများမှ ယိမ်းအဖွဲ့များက အစီအစဉ်အတိုင်း အလှည့်ကျ ကပြဖျော်ဖြေကြရာတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြသဆဲ ရုပ်ရှင်ဇာတ်ကားများ ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၁၇

သင်္ကြန်ပွဲတော် ရက်များအတွင်း ရုပ်ရှင်ရုံများ ပြသခြင်းမပြုဘဲ မြန်မာနှစ်ဆန်း ၁ ရက် (ဧပြီ ၁၇ ရက်)တွင် ရုပ်ရှင်ရုံများအားလုံး ယခင်အတိုင်း

မိုးကောင်းကင်ရုပ်ရှင်မှ ဒါရိုက်တာခင်မောင်ဦး စိုးသိမ်းထွင့်ရိုက်ကူးသော ကာရန်အလွဲဇာတ်ကားမှ ဒွေးနှင့်နန္ဒာလှိုင်။

ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသလာကြသည်။

စိန်ငွေးရုပ်ရှင်အတွက် ညွှန့်မြန်မာ ညီညီအောင် ရိုက်ကူး၍ လွင်မိုး၊ ခန့်စည်သူနှင့် အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင်ကြသည့် **သင်္ကြန်ဝေးဝေး** မေတ္တာဖွဲ့ဇာတ်ကား သမ္မတနှင့် သွင်ရုံတွင် ဆက်လက်ပြသနေသည်။

ရွှေဆောင်

ဆက်လက်၍ ဒါရိုက်တာ ကိုအောင်မင်းသိမ်း ရိုက်ကူး၍ ကျော်ရဲအောင်၊ ဇာဂနာ၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်နှင့် မေသဥ္ဇာဦးတို့ သရုပ်ဆောင်ကြသည့် **ပေါ့ပေါ့ပါးပါးပြုံး** ဟာသဇာတ်မြူးမှာ ရွှေဆောင်ရုံတွင် ပြသဆဲရှိသည်။

နေပြည်တော်ရုံတွင် မြန်မာ့ပရိသတ် ကြိုက် ဂျိမ်းစ်ဘွန်းဇာတ်ကားဖြစ်သည့် DIE ANOTHER DAYဇာတ်ကား ပြန်လည်ရုံတင်လာသည်။ ဂျိမ်းစ်ဘွန်း၏ အပစ်အခတ် လှုပ်ရှားမှုများကို ကြည့်ကြရမည်ဖြစ်သည်။

မင်္ဂလာရုံတွင် ဒုစရိုက်ဂိုဏ်းနှင့် ကွန်ပျူတာဆော့ဝဲလ်ကို အသုံးပြုပြီး ပြစ်မှုကျူးလွန်သူ ညီအစ်မတို့၏ စိတ်ဝင်စားဖွယ် လှုပ်ရှားမှုများကို ဇာတ်လမ်းဆင်ထားသော SO ClOSE အက်ရှင်ဇာတ်ကား ရုံတင်ပြသနေသည်။

ရွှေဂုန်၊ နဝဒေး

စိန်ချစ်ဗီဒီယိုမှ ဒါရိုက်တာ ခိုင်မြအောင် ရိုက်ကူး၍ ရန်အောင်၊ ရာဇာနေဝင်း၊ ပုလဲဝင်း၊ ဇင်ဇင်ဇော်မြင့်တို့ သရုပ်ဆောင်ကြသော **ကောင်းမှုကောင်း** အဆင့်မြင့် ဗီဒီယိုဇာတ်ကားမှာ ရွှေဂုန်နှင့် နဝဒေးရုံများတွင် တင်ဆက်ပြသလာသည်။

မြို့မ

ယခုအပတ်တွင် မြို့မရုံ၌ CHOR MA CHAAYE SHOR အမည်ရှိ အိန္ဒိယအကယ်ဒမီဆုရ ဇာတ်ကားသစ် ရုံတင်ပြသနေသည်။ သရုပ်ဆောင် ဘော်ဘီဒေါနှင့် ရှစ်လ်ပါရှစ်သီတို့ သရုပ်ဆောင်ပါဝင်ထားသည့် အလှအပကကွက်များ၊ တေးဂီတ သရုပ်ဖော်ချက်များဖြင့် ရိုက်ကူးထားသော မေတ္တာဖွဲ့ ဇာတ်ကားဖြစ်သည်။

ဆုထူးပန်

ဆုထူးပန်ရုံတွင် ဒါရိုက်တာ ဝါဝါဝင်းရွှေ ရိုက်ကူး၍ ညွှန့်ဝင်း၊ ဝါဝါဝင်းရွှေ၊ လူမင်း၊ ဝါဇင်၊ ထက်ထက်မိုးဦးတို့ သရုပ်ဆောင်ကြသည့် **ညွှန်းစာ** **ဖွဲ့လို့မမီ**ဇာတ်ကား ပြန်လည်တင်ဆက်ပြသနေသည်။

ပေးဆပ်သူတို့နှလုံးသား

ထို့ပြင် ရန်အောင်၊ ကျော်ရဲအောင်နှင့် မျိုးသန္တာထွန်းတို့ သရုပ်ဆောင်သည့် **ပေးဆပ်သူတို့နှလုံးသား** ဇာတ်ကား ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် ပြသနေသည်။

ဘုရင်ရုံ

ဘုရင်ရုံတွင် ဆယ်လ်မန်ခန်း အထူးပါဝင်သော TERENAAM အမည်ရှိ အိန္ဒိယဇာတ်ကားသစ် ရုံတင်ပြသလာသည်။ ဆယ်လ်မန်ခန်း၏ ဘဝတစ်စိတ်တစ်ပိုင်းကို ရိုက်ကူးထားသော အချစ်ဇာတ်ကားဖြစ်သည်။ (ကြေးမုံ)

သင်္ကြန်

ဝေးဝေး

"သင်္ကြန်ဝေးဝေး" ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။

CHOR MA CHAAYE SHOR အိန္ဒိယဇာတ်ကားမှ သရုပ်ဆောင်ပြကွက်တစ်ခု။

ကာရန်အလွဲ ဇာတ်ကားသစ် ရုံတင်ပြသမည်

ရန်ကုန် ဧပြီ ၁၇

လာမည့် သောကြာပတ် ဧပြီ ၂၃ ရက်တွင် မိုးကောင်းကင် ရုပ်ရှင်မှ ဒွေး၊ နန္ဒာလှိုင်နှင့် စိုးမြတ်သူဇာတို့ သရုပ်ဆောင်ကြသည့် **ကာရန်အလွဲ**ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်သည်။ **(ကြေးမုံ)**

မဟာဝိဇယရံသီစေတီတော် အလှူငွေ ပေးအပ်လှူဒါန်း

ပဲခူး ဧပြီ ၂

ရန်ကုန်မြို့နေ သမီးဒေါ်တင်တင်သန်း(ခ)မလှိုင် မိသားစုက ကွယ်လွန်သူ ဖခင်ကြီး ဗိုလ်ကြီးဟန်မောင်(ငြိမ်း)နှင့် မိခင်ကြီး ဒေါ်လှသိန်းတို့အား ရည်စူး၍ (၁)နှစ်ပြည့်နှင့် (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပဲခူးမြို့နယ် ဘုရားကြီး(စံပြ) ကျေးရွာ သမိုင်းဝင် ဆုတောင်းပြည့် မဟာဝိဇယရံသီ စေတီတော်မြတ်ကြီးသို့ အလှူငွေကျပ် တစ်သိန်းကို မတ် ၂၁ ရက်က ပေးအပ်လှူဒါန်းသည်။ **(က-ပ)**

ထန်းပင်ကျောင်းစာသင်တိုက် ဂုဏဝိသိဋ္ဌ ပူဇာသဘင် ဆင်ယင်ကျင်းပမည်

ဖျာပုံ ဧပြီ ၁၄

ဖျာပုံမြို့ မဟာပုညာရာမ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက သာသနဓဇဓမ္မာစရိယ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လအရှင်သူမြတ်၏ ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို ဧပြီ ၁၈ရက်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ဦးဆောင်၍ တပည့်ဒါယကာ၊ ဒါယိကာမများကဆရာတော်၏ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ထပ်ဆင့် ချီးကျူးဂုဏ်ပြုပူဇော်မည်ဖြစ်သည်။

ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဝေပုလ္လ (သာသနဓဇဓမ္မာစရိယ)သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လှူဒါန်း ဆက်ကပ်ပွဲတွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခြင်း ခံယူခဲ့ပြီး ထပ်ဆင့်၍ ဂုဏဝိသိဋ္ဌပူဇာ သဘင်ကို ဆင်ယင် ကျင်းပမည် ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်း ကြွရောက် ကြည်ညို နိုင်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

လှည်းကူးမြို့နယ် အနောက်မင်းလမ်း ရတနာဗိမာန် ပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာသိဝံသ(ဝိနယပါရဂူ)အား မတ် ၂၁ ရက်က အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှူဖွယ်ဝတ္ထုအစုစုတို့ကို မာန်အောင်မြို့နယ် အသင်း(ရန်ကုန်)မှ ဥက္ကဋ္ဌနှင့် အမှုဆောင်လူကြီးများက ထပ်ဆင့်ဂုဏ်ပြု ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြို့နယ် သတင်းများ

မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးမှု ကွင်းပိတ်ပွဲကျင်းပ

ရမည်းသင်း ဧပြီ ၁

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ၂၀၀၃-၂၀၀၄ ခုနှစ် မိုးကြိုချည်မျှင်ရှည် ဝါစိုက်ပျိုးမှု ကွင်းပိတ်ပွဲကို မတ် ၂၄ ရက် နံနက် ၈ နာရီက ရမည်းသင်း မြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၆၂) ဦးပိုင်(၂၁) တောင်သူ ဦးကျော်သက်ဦး၏ စိုက်ကွင်းတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်လွင်၊ မြန်မာ့ ပိုးချည်နှင့် ဝါလုပ်ငန်း ခရိုင်မန်နေဂျာ ဦးကျော်လှိုင်၊ ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှု ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများ တက်ရောက် အားပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝါလုပ်ငန်း မြို့နယ် မန်နေဂျာ ဦးဝင်းညွှန့်က ၂၀၀၃-၂၀၀၄ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၄၈၅၀ လျာထားသတ်မှတ်ခဲ့ရာ ရွာတန်း ဇုန် ဧက ၃၀၉၆၊ ကန်ဘဲ့ဇုန် ဧက ၁၃၅၉၊ ဆည်ကြီးဇုန် ဧက ၈၉၉ စုစုပေါင်း ၅၃၅၄ ဧက စိုက်ပျိုးနိုင်ပြီး ၁၁၀ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

(ခရိုင်ပြန်/ဆက်)

သန်လျင်မြို့နယ် လဟာရက်ကျေးရွာ ပါရဂူစာကြည့်တိုက်အတွက် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးမြင့်ဇော်-ဒေါ်မြတ်မြတ်မွန်မော် မိသားစုမှ မဂ္ဂဇင်းမျိုးစုံလှူဒါန်းပွဲကို မတ် ၂၇ ရက်က ပါရဂူ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဇော်ဝင်းက လက်ခံရယူစဉ်။ (မြို့နယ်စည်ပင်)

နတ်တလင်းမြို့၌ လမ်းများစစ်ဆေး

နတ်တလင်း ဧပြီ ၅

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် အဖွဲ့သည် မတ် ၂၄ ရက်က နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့သာယာလှပရေး မြို့တွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများကို စစ်ဆေးခဲ့ကြောင်းသိ ရသည်။

(မြို့နယ်စည်ပင်)

ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲ ကျင်းပ

ကာမိုင်း ဧပြီ ၁

ကချင်ပြည်နယ် ကာမိုင်းဒေး စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဖောက်လုပ်ပြီးစီးသည့် ကောင်ရာ-ထွယ်ဆန်ယန် ကျေးရွာချင်းဆက် မြေသားလမ်း ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက ကောင်ရာကျေးရွာလမ်း မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးတင်ကိုကို၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ဒေသအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးနှင့် ဒေသစည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအင်ခွန်တူးတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ကောင်ရာ-ထွယ်ဆန်ယန် ကျေးရွာချင်းဆက် မြေသားလမ်းသည် အရှည်ပေ ၂၀၆၀၊ အကျယ် ၁၂ ပေရှိပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုဖြင့် ဒေသစည်ပင်သာယာရေးအဖွဲ့က ကျပ် ၁၂ သိန်း အကုန်အကျခံကာ ဖောက်လုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **(၄၉၉)**

ရှေးဦးပြုစုခြင်း နည်းပြသင်တန်းဖွင့်

လားရှိုး ဧပြီ ၈

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (ICRC/IFRC) နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော လူထုအတွင်း ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်းအမှတ်စဉ် (၃/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို လားရှိုးမြို့အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကမ္ဘောဇခန်းမ၌ မတ် ၂၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တွဲဖက်ပြည်နယ်ကျန်းမာရေးမှူး ဒေါက်တာ ညွှန့်ဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌ (၁) ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး သိန်းစိုးတို့က အမှာစကား ပြောကြားကြသည်။ အဆိုပါ သင်တန်းသို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) ငါးမြို့နယ်မှ သင်တန်းသား ၃၀ဦး တက်ရောက်ကြသည်။**(၅၃၃)**

သုံးခွမြို့နယ် အမက(၁၁) အခြေခံပညာမူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက်က အမက (၁၁) ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြရွှေက မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

လုပ်ငန်းညှိနှိုင်းစည်းဝေး

မကွေး ဧပြီ ၂

မကွေးတိုင်း မူခင်းကျဆင်းရေးနှင့် ပညာပေးသတင်းထုတ်ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၅ရက်က တိုင်းရဲတပ်ဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းမူခင်းကျဆင်းရေးနှင့် ပညာပေးသတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ကိုယ်စား မကွေးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက အမှာစကားပြောကြားပြီး ပညာပေးရေးနှင့်သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ဒု-တိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်သန်းက ဆွေးနွေးတင်ပြသည်။

ကော်မတီဝင်များ၏ ဆွေးနွေးချက်များအပေါ် တိုင်းရဲတပ်ဖွဲ့မှူးမှ ပြန်လည်ဆွေးနွေး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(၅၀၄)**

သစ်ပင်ပျိုးပွဲတော်

ဧပြီ ၇ ရက်က တိုက်ကြီးမြို့နယ် လသာကုန်း သစ်တောပျိုးဥယျာဉ် သစ်ပင်ပျိုးပွဲတော် ကျင်းပရာ တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများအား ပျဉ်းကတိုး၊ ကျွန်း၊ ပိတောက်၊ သစ်ဆိမ့်၊ မန်ကျည်း၊ မန်ဂျာရှာ ပျိုးပင်ပေါင်း ၂၀၃၅၀ ကို သစ်တောဦးစီးမှူး ဦးကျော်ဆန်းဝင်းက ပေးအပ်စဉ်။ (၅၂၆)

ပေးအပ်

ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာအုပ်စုမှ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဧပြီ ၃ ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝိုင်းမော်မြို့နယ် ဦးစီးဌာနမှူး ဦးဇော်ဝင်းမြင့်က ကျေးရွာအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရင်ထံ ပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

ကိုးပင်ဆည်အတွင်း ငါးမျိုးစုံစိုက်ထည့်

ရွှေဘို ဧပြီ ၁

ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကိုးပင်ဆည်အတွင်း ငါးသားပေါက်များ စိုက်ထည့်ခြင်း အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၈နာရီခွဲက ကျင်းပရာ ရွှေဘိုခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေ၊ ရွှေဘိုငါးလုပ်ငန်း စခန်းတာဝန်ခံ ဦးထွန်းထွန်းဦးနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး ရွှေဝါငါးကြင်း သားပေါက် ကောင်ရေ ငါးသိန်းကို ကိုးပင်ဆည်အတွင်းသို့ မျိုးစိုက်ထည့်ဆောင်ရွက်ခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

မအူပင်စည်ပင် မြို့ပြနှင့် ကျေးလက်လမ်းများဖွင့်

မအူပင် ဧပြီ ၃

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ရွှေဘုန်းမြင့်ဘုရားလမ်း၊ ကတ္တရာလမ်းဖွင့်ပွဲကို မတ် ၂၆ ရက် နံနက်က အဆိုပါလမ်းထိပ်ရှိ မင်္ဂလာမုခ်ဦးတွင် ကျင်းပသည်။

(အောက်ယာပုံ)

ဖွင့်ပွဲအခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက လမ်းတည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ဦးအုန်းညွှန့်၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးရဲမြတ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်သော လမ်းမှာ အရှည်ပေ ၂၂၀၀ ရှိပြီး မူလကတ္တရာလမ်းအား ၁၈ ပေ အကျယ် တိုးချဲ့၍ ခွင့်ပြုရန်ပုံငွေ ကျပ် သိန်း ၂၀ ဖြင့် ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် မြို့ပြကတ္တရာလမ်း ရှစ်လမ်း၊ အရှည်နှစ်မိုင် ငါးဖာလုံ၊ ကျောက်ချောလမ်း ငါးလမ်း၊ အရှည် သုံးမိုင် နှစ်ဖာလုံ၊ ကျေးလက်ကတ္တရာလမ်း နှစ်လမ်း၊ ကျောက်ခင်းလမ်း သုံးလမ်း၊ မြေသားလမ်း နှစ်လမ်း၊ အရှည် ငါးမိုင် ခုနစ်ဖာလုံတို့အား ဆောင်ရွက်နိုင်ခဲ့သည်။

(မြို့နယ်စည်ပင်)

မြိတ်မြို့တွင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းများဖွင့် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဧည့်သည်တော်များ တက်ရောက်

မြိတ် ဧပြီ ၅

တနင်္သာရီတိုင်း မြိတ်မြို့ ရေပုန်းရပ်ကွက်စပါးရွှေဝါကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်နှင့် မြစ်ငယ်ရပ်ကွက် တော်ဝင်ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲများကို မတ် ၂၅ရက် နံနက် ၉နာရီက ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဖိတ်ကြားထားသူများ၊ဌာနဆိုင်ရာများတက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမြင့်ဦး၊ မြို့နယ်ဥက္ကဋ္ဌဦးမြတ်သိန်းထွန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးစိုးမြင့်တို့က ရေပုန်းရပ်ကွက်စပါးရွှေဝါ ကိုယ့်အားကိုယ်ကိုး ကတ္တရားလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြစ်ငယ်ရပ်ကွက် တော်ဝင်ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ကျင်းပရာ တိုင်းပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီးဦးချစ်ပန်၊ မြို့နယ်ဥက္ကဋ္ဌဦးမြတ်သိန်းထွန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးကျော်ဒင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် တိုင်းမှူးနှင့် ဧည့်သည်တော်များ ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဖွင့်လှစ်လိုက်သော စပါးရွှေဝါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၃၂၅၀၊ အကျယ် ၁၂ပေ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေကျပ် ၄၁သိန်း၊ ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ် ၄၃သိန်းနှင့် စုစုပေါင်းငွေကျပ် ၈၄သိန်းနှင့် တော်ဝင်ကတ္တရာလမ်းသစ်သည်အရှည် ပေ ၁၂၀၀၊ အကျယ် ၁၆ပေရှိပြီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေကျပ် ၁၆သိန်း၊ ဒေသခံပြည်သူများထည့်ဝင်ငွေကျပ် ၁၂သိန်း စုစုပေါင်း ငွေကျပ် ၂၈သိန်းကုန်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မတ် ၂၅ ရက်က ကြို့ပင်ကောက်မြို့နယ် တောင်ရိုးကွင်း-ရှားစီးဘို-ဘန့်ကွေးကုန်း ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲ ကျင်းပရာ ဇေယျာသုခ ကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဦးခိုင်နှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၂၄)

ကြေးမုံ The Mirror

မြို့နယ်သတင်းများ

နှမ်းစပါးစိုက်ပျိုးမှု ထွန်တုံးပိတ်ပွဲကျင်းပ

လယ်ဝေး ဧပြီ ၁၂

မန္တလေးတိုင်း ရမည်းသင်းခရိုင် ၂၀၀၄ ခုနှစ် နွေစပါးစိုက်ပျိုးပြီးစီးအောင်မြင်ခြင်း ထွန်တုံးပိတ်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက် နံနက်က လယ်ဝေးမြို့နယ် ရေကာကျေးရွာအုပ်စု ရှမ်းရွာကျေးရွာ တောင်သူ ဦးသန်းလွင်၏ ကွင်းအမှတ် ၁၇၃၇(က) လယ်မြေခြောက်ဧကတွင် ကျင်းပသည်။ အခမ်းအနားသို့ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် ခရိုင်အဆင့် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေစိုး၊ အဖွဲ့ဝင်(၁) ဒုရဲမှူးသန်းထွင့်နှင့် မြို့နယ်အဆင့် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးတင်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်နှင့် အသင်းဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။အဆိုပါ ရှမ်းရွာလျှပ်စစ်မြစ်ရေတင် စီမံကိန်းမှ နွေစပါးစိုက်ပျိုးပြီးစီးခြင်းတွင် ရေကာကျေးရွာအုပ်စု လယ်မြေ ဧက ၁၈၅၀၊ အလယ်ကျွန်းကျေးရွာအုပ်စု လယ်မြေဧက ၁၀၀၀ တို့ကို ၂၀၀၄ ခုနှစ် စိုက်ပျိုးရာသီတွင် စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ **(၁၁၈)**

မြစ်သားမြို့နယ် အလှူရှင်စက်ရေတွင်းဖွင့်လှစ် ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိ

မြစ်သား ဧပြီ ၆

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃-၂၀၀၄ ခုဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်ခဲ့သော အလှူရှင် ကာကွယ်ရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မြစ်သားမြို့နယ် ကဆွန်ကျေးရွာတွင် မတ် ၂၆ ရက် နံနက် ၉နာရီက ကျင်းပသည်။**(ဝဲပုံ)**

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁)၊ မြို့နယ်မှူး ဦးတင်ဝင်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိန်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

သောက်သုံးရေဖူလုံစွာရရှိ

အဆိုပါ စက်ရေတွင်းသည် တစ်နာရီ ဂါလန် ၁၅၀၀ ထွက်ရှိ၍ ကျေးရွာနေ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိပြီဖြစ်သည်။

(မြို့နယ်စည်ပင်)

မတ် ၂၄ ရက်က ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဒွန်ဘုံးခကျေးရွာအုပ်စု နိုင်ငံသားအရည်အချင်း ပြည့်မီသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ဦးစီးဌာနမှူး ဦးစိုင်းမြင့်အောင်က ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဒိန်ရင် ဘောမ်ဂျာသို့ ပေးအပ်စဉ်။ (က-ပ)

ကျောက်တံခါးမြို့နယ် မြို့နယ်စည်ပင်နှင့် ယူနီဆက်ဖ်တို့ပူးပေါင်း စက်ရေတွင်းတွင်းတိမ် ဖွင့်လှစ်

ကျောက်တံခါး ဧပြီ ၈

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းဆောင်ရွက်ပြီးစီးသော တစ်လက်မခွဲ စက်ရေတွင်း တွင်းတိမ်ဖွင့်လှစ်ပွဲကို မတ် ၂၁ရက်က ကျောက်တံခါးမြို့ အမကအနောက်ရပ် (မူလွန်) ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျောက်တံခါးမြို့နယ် အတွင်းရှိ မူလတန်းကျောင်း ၈၁ ကျောင်းတွင် လက်နှိပ်တုံကင်များ တူးဖော်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)

မရင်းကုန်း-ညောင်ကုန်း ကျေးလက်ကျောက်ချောလမ်းဖွင့်

မိုးညှင်း ဧပြီ ၁၉

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပြီးစီးခဲ့သည့် မရင်းကုန်း-ညောင်ကုန်း ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၉ ရက်က ယင်းလမ်းထိပ် မုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကချင်နှင့် ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပန်းဖွားအကအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းနိုင်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဖောက်လုပ်ထား

အဆိုပါလမ်းအတွက် စည်ပင်ထည့်ဝင်ငွေ ကျပ် ၄၃၄၅၀၀၀၊ ပြည်သူထည့်ဝင်ငွေ ၅၂၈၁၅ ကျပ်၊ စုစုပေါင်း ၄၃၉၇၈၁၅ ကျပ် ကုန်ကျခံကာ လမ်းအရှည် ၃၆၆၄ ပေ၊ အကျယ် ၁၀ပေရှိ ကျောက်ချောလမ်းခင်း ဖောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

(၄၂၄)

ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို အဘက်ဘက်မှ ဝိုင်းဝန်းဝိုင်းဝန်းကူညီအားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများ၊ သုံးစွဲသူ မိဘလုပ်သားပြည်သူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ရဟန်းရှင်လူ ပြည်သူပြည်သားများအားလုံး ၁၃၆၆ ခု နှစ်သစ်ကူးမှစ၍ ဘေးဘယာ ဝေးကွာ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်းနှင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ထွန်းရွှေဝါဆေးဝါးထုတ်လုပ်ရေးမိသားစုမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အမှတ် (၂၈၂၉)၊ အောင်မင်္ဂလာလမ်း၊ (၆၃) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်(၂)၊ ရန်ကုန်။ ဖုန်း – ၅၂၈၅၂၄၊ ၅၀၀၅၈၄၊ ၂၄၆၂၅၆၊ ၂၄၁၁၅၉၊ ၂၄၁၅၁၂

သမီးလေး "နဒီ" မွေးနေ့ဆုမွန်လွှာ

တန်ခူးလ နှစ်ဆန်း (၁၈–၄–၁၉၉၈)မှာ မွေးဖွားသော သမီးလေး **လှသက်ထားနဒီ** B.E.P.S (2) KAMAYUT (၆)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်၊ ကျန်းမာ၊ ချမ်းသာ၊ ဘေးရန်ကင်းကွာ၍ ထူးချွန်ထက်မြက်သော ပညာရှင်ဖြစ်ပြီး ဘဝခရီးတွင် အောင်မြင်မှုများစွာနှင့် လိုအင်ဆန္ဒအားလုံး ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းကြပါသည်။

"တင်မိသားစု"

အဖေကြီး၊ အမေကြီး–ဒုတိယဗိုလ်မှူးကြီးတင်လှ–(ဒေါ်မြမြ)

ဖေဖေ၊ မေမေ–ဦးလှဝင်း–ဒေါ်တင်သက်မော် (သူနာပြုတက္ကသိုလ်၊ ရန်ကုန်)

ကြီးကြီးများ –တိုး၊ အေး၊ ထူး၊ မစိန်သန်း

အန်တီများ –ကြူ၊ မိုး၊ မျိုး

ဘဘ –ဒေါက်တာဌေးကြွယ်၊ ကိုလှသူ

လေးလေး –အောင်

ကိုကို –ဟိန်း၊ သော်၊ ဝေယံ

မမ –ဝိုင်း၊ အိမ့်။

(၃၉)နှစ်မြောက်မင်္ဂလာဆုတောင်း

ဖေဖေ **ဦးထွန်းသန်း** [ညွှန်ကြားရေးမှူး(ငြိမ်း)သစ်တော]–မေမေ **ဒေါ်ခင်ခင်** (အထပြ၊ ငြိမ်း)တို့၏ ၁၈–၄–၂၀၀၄ရက်နေ့တွင် ကျရောက်သော (၃၉)နှစ်မြောက် မင်္ဂလာနေ့မှစ၍ သက်ရှည်ကျန်းမာ၊ အနာရောဂါကင်းစင်စွာဖြင့် ဒါန၊ သီလ၊ ဘာဝနာများကို ဆတက်ထမ်းပိုးတိုး၍ ပွားများနိုင်ကြပါစေဟု ချစ်သား၊ သမီးများက ဆုတောင်းပါသည်။

သားကြီး – မိုးဟိန်းစိုး–ခင်မျိုးသက်

ချစ်မြေးများ – အောင်ဟိန်းလင်းထက်
စည်သူမိုးထက်

သမီးငယ် – မောင်သော်တာချစ်–ခင်စန္ဒာထွန်း

ချစ်မြေး – အင်ကြင်းဦး(အလိမ္မာ)

Special German Speaking Class
for 3 months Course by Native Speaker

*Basic Level
*Advance Level (Plus Tuition)
-Start from 3rd May
-5 days a week (1½ hrs. per section)
-Small class with limitation
First come, First registration
For more details, please call Tel: 203500,203503
203565,244204

GUARDIAN
MONTHLY MAGAZINE

❖ ... **Guardian Magazine** ...
❖ ... Grammar ... CEO ...
❖ ...
❖ ...

(၂၅)နှစ်မြောက်ငွေရတုမင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ **Captain ဘုန်းမြင့်** (Master Mariner) (Eastwind Shipmanagement.,Singapore)နှင့် ချစ်မေမေ **ဒေါ်ခင်မြတ်နိုင် @ Cynthia** တို့၏ ၁၈–၄–၂၀၀၄ (မြန်မာနှစ်ဆန်း ၂ရက်နေ့)တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင် ချစ်သမီးအမြွှာနှစ်ယောက်နှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်သမီးကြီး – အိမ်စည် (B.Pharm)

ချစ်သမီးငယ် – အိမ်စံ (B.Pharm)

CAPSTONE FACILITIES MANAGEMENT GROUP
Computerized Accounting/Auditing Practices
B.Com-CPA-MBA ... Firm ...
★ Computer ...
★ Computer ...
★ (DA, LCCI, B.Com) ... Professional ...
★ Free Member ...
★ Member ... Online Service ...
... Ph: 505020, Email capstone @ mail4u.com.mm

နိုင်ငံခြားရေးဝန်ကြီးဌာန အခြေခံသံတမန်ရေးရာသင်တန်းနှင့် အဆင့်မြှင့်သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

နိုင်ငံတကာနှင့်ရင်ပေါင်တန်းဆက်ဆံရသော Globalization ခေတ်တွင် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများ၊ ကျွမ်းကျင်သူများအားလုံး သိအပ်တတ်အပ်သော အခြေခံသံတမန်ရေးရာ ပညာရပ်များကို အပတ်စဉ် (၁)မှ (၁၀)အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားခဲ့ပြီးဖြစ်ပါသည်။ သင်တန်း၏ အဖိုးတန်မှုကို သင်တန်းတက်ရောက်ပြီးသူတိုင်းက အသိအမှတ်ပြုလျက် သင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးရန် မေတ္တာရပ်ခံခဲ့ကြပါသည်။

ယခုဆက်လက်၍ ယခင်အပတ်များက သင်တန်းနေရာမရလိုက်သူများအတွက် အခြေခံသင်တန်း အပတ်စဉ် (၁၁)၊ (၁၂)နှင့် (၁၃)တို့ကို တစ်ဆက်တည်း ဖွင့်လှစ်သွားမည်ဖြစ်ပါ၍ အမြန်လျှောက်ထားကြပါရန် အသိပေးအပ်ပါသည်။

အခြေခံသင်တန်း တက်ရောက်အောင်မြင်ခဲ့ပြီးသူများအတွက်လည်း အဆင့်မြှင့်သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပါ၍ အမြန်စာရင်း ပေးသွင်းကြပါရန် နိုးဆော်အပ်ပါသည်။

(၂၂၂၄၉၂၊ ၂၂၂၈၄၄ လိုင်းခွဲ–၃၈၅တွင် စုံစမ်း၊ လျှောက်လွှာရယူ/ တင်သွင်းပါရန်)

ရက်(၄၀)ပြည့်လွမ်းဆွတ်သတိရခြင်း ဦးအေးလွင် (ကျောက်မဲမြို့)

မိသားစုအပေါ်သံယောဇဉ်ကြီးမားပြီး အစစလမ်းညွှန်ဦးဆောင်ခဲ့တဲ့ ကျေးဇူးရှင် ပါပါအားရည်စူး၍ နေ့စဉ်ဖတ်ရွတ်လှူဒါန်းပြီး ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိပါတယ်။ ကောင်းမှုအစုစုကြောင့် အလ္လာရှင်မြတ်၏ ကရုဏာတော်နဲ့ ဂျန္နဒ်ရဲ့မြင့်မြတ်ဆုံးသော အေးချမ်းမှုကို ရရှိနိုင်ပါစေလို့ မေတ္တာပို့သလျက်ပါ။ ပါပါရဲ့ မေတ္တာနဲ့ကျေးဇူးတရားကို နေ့စဉ်နဲ့အမျှ လွမ်းဆွတ်သတိရနေမည့်။

ဇနီး – ဒေါ်စောဝင်း (နှောင်း)

သား – ကိုရီကို–မနန်းခံဟွမ်(လင်းထက်အောင်ရတနာလုပ်ငန်း)

သား – ကိုရဲနန္ဒာမင်း (ညိုလတ်)

သား – ကောင်းမြတ်ဟိန်း(မင်းမင်း)

သမီး – မြတ်သီရိလွင် (အေမီလွင်)

သား – စိုင်းလူမင်းပိုင် (ဘိုဘို)

အချစ်ဆုံးမြေးများ– နန်းခမ်းမိုလျှန်း (အလက–၁၊ ဒဂုံ)
နန်းအေးငြိမ်း(နှောင့်နှောင့်) (အလက–၁၊ ဒဂုံ)
နန်းခိုင်ဇာသွယ် (ပုံ့ပုံ့) (အလက–၁၊ ဒဂုံ)။

NPE

စာစပြခြင်းနိုးသူများအတွက်
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
စာအုပ်ဆိုင်

- မေတ္တာပြုလွှမ်း၊ အေးချမ်းသာယာ ပြည်မြန်မာနှင့်အခြားဆောင်းပါးများ
- ဘုရားစေတီးလိုက်နာသွားစို့နှင့် အခြားကဗျာများ
- မြန်မာ့ဦးစွန်း–မြန်မာ့ဖော်ကွန်း
- သမိုင်းတွင် သမိုင်းတင်မည့် ချစ်ကြည်ရေးခရီးမှတ်တမ်းများ(မြန်မာ–အင်္ဂလိပ်)
- ဒေါ်စုကြည် အင်န်အယ်ဒီပါတီနှင့် ကျွန်တော်တို့၏မျှော်လင့်ချက်ရောင်နီ (မြန်မာ–အင်္ဂလိပ်)
- မှန်နန်းရာဇဝင် (ပ+ဒု+တတွဲ)
- ပြည်ထောင်စုအရေးမျှော်တွေးလို့ ဖြစ်စေချင်နှင့် အခြားဆောင်းပါးများ
- တပ်မတော်သမိုင်း (အတွဲ ၁မှ ၈)အထိ
- ဓာတ်တော်ကြီး ၁၀ ဆူ (မြန်မာ–အင်္ဂလိပ်)
- ပုဂံဒေသာင်ဦးဒေသရှိ ရှေးဟောင်းစေတီပုထိုးများ (မြန်မာ–အင်္ဂလိပ်)
- မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ (မြန်မာ–အင်္ဂလိပ်)
- ငါးရာ့ငါးဆယ် ဇာတ်တော်(အကျဉ်း) (ပ+ဒု) (မြန်မာ–အင်္ဂလိပ်)
- ရှမ်းပြည်နယ်တော်လေးရပ်ရှိ ရှေးဟောင်းစေတီပုထိုးများ (မြန်မာ–အင်္ဂလိပ်)
- သီတာရေစည် အင်္ဂလိပ်စာလုံးတွဲများ အင်္ဂလိပ်ဝါကျတည်ဆောက်ပုံများ
- ဘီဇာဝတ်စစ်မြေပြင် မငြိမ်းချမ်းသောဘီဇာတ်စစ်မြေပြင်
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝတ်ရွတ်စဉ်
- အမေရိကတို့ လူတွေဘာကြောင့်မုန်း နှင့် စာပေဟောင်းမျိုးပေါင်း ၁၀၀၀ ကျော်ကိုတစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။
(လတ်တလော အနည်းငယ်သာကျန်ရှိပါသဖြင့် အမြန်ဝယ်မှ စိတ်ချရမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်
(၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့။
☎ ၂၉၄၃၁၆

အရက်ကြောင့်ဖြစ်သည့်ရောဂါများ

အရက်ကို လွန်ကျူးစွာနှင့် စွဲလမ်းစွာ သောက်သုံးခြင်းကြောင့်ဖြစ်ပွားတတ်သော ရောဂါများမှာ–

– အသည်းရောင်ခြင်း၊
– အသည်းခြောက်ခြင်း၊
– သွေးအန်ခြင်း၊
– အစာအိမ်ရောဂါဖြစ်ခြင်း၊
– နှလုံးရောဂါဖြစ်နိုင်ခြင်း၊
– ဦးနှောက်နှင့်အာရုံကြောထိခိုက်ခြင်း၊
– စိတ်ရောဂါများဖြစ်ခြင်းစသည်တို့ဖြစ်ပါသည်။

အရက်ကြောင့်ဖြစ်တတ်သော စိတ်ရောဂါများမှာ–

၁။ ကယောင်ကတမ်းဖြစ်ခြင်း (Delirium Tremers)၊ ကြောက်လန့်ခြင်း၊ အချိန်၊ နာရီ၊ နေရာ၊ လူခန့်မှန်း နိုင်စွမ်းမရှိခြင်း၊ ကြောက်စရာ လန့်စရာများမြင်ရခြင်း၊ အသံဗလံများကြားရခြင်း၊ ပိုးမွှားများ ခန္ဓာကိုယ်ပေါ် ရွစိရွစိသွားသလို ခံစားရခြင်း၊ လက်တုန်ရောဂါဖြစ်တတ်ခြင်း။

၂။ အရက် အလွန်အကျွံသောက်သည့်အခါတွင် လူမရှိဘဲ နားထဲတွင် ခေါ်သံများ၊ ခြိမ်းခြောက်သံများ၊ စော်ကားမော်ကားသံများ ကြားနေရတတ်ခြင်း (Alcoholic Hallucinosis)။

၃။ အတက်ကြီးရောဂါဖြစ်ခြင်း (Rum Fits) (ဝက်ရူးပြန်ရောဂါကဲ့သို့တက်ခြင်း)။

၄။ စိတ်ဓာတ်ကျရောဂါဖြစ်တတ်ခြင်း (Depressive Illness)။

၅။ စိတ်ဖောက်ပြန်ခြင်း (Alcoholic Psychosis)။

၆။ ဦးနှောက်ချို့ယွင်းခြင်း။

၇။ အရက်နှင့်မတည့်သောသူများသည် အရက်အနည်းငယ်သောက်ရုံဖြင့် ရုတ်တရက် စိတ်ဖောက်ပြန်တတ်ခြင်း (Pathological Drunkenness)။

၈။ မိမိ၏ဇနီးကို အထင်အမြင်လွဲမှားခြင်းများ ဖြစ်တတ်ခြင်း (Morbid Jealousy)။

၉။ အရက်ကြောင့် ရာဇဝတ်မှုကျူးလွန်သည်အထိ ဖြစ်နိုင်ခြင်း။

အထက်ပါဆိုးကျိုးများကို မခံစားရစေရန် အရက်သောက်သုံးခြင်း၊ အထူးသဖြင့် အလွန်အကျွံသောက်သုံးခြင်း၊ အရက်ကို စွဲလန်းစွာ သောက်သုံးခြင်းတို့မှ ရှောင်ကြဉ်ရန် တိုက်တွန်းအပ်ပါသည်။ အရက်စွဲရောဂါဖြစ်ပွားပါက စိတ်ကျန်းမာရေးဆေးရုံနှင့် ကုသရေးဌာနများတွင် စနစ်တကျကုသမှုခံယူရန် အသိပေးနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက် (၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊သတိ လစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန။**

ဒေါ်မြဟန်(၈၃)နှစ်
(စား/ဖျော်-ငြိမ်း)
(ကမာကဆစ်)

ရန်ကုန်တိုင်း၊ဒလမြို့နယ်၊ ဗညားဒလ ရပ်ကွက်၊ ဦးအောင်ဇေယျ(၁၀)လမ်း၊ အမှတ်(၁၄-က)နေ (ဦးသာဒွန်း-ဒေါ်ကြည်)တို့၏သမီး၊ (ဦးလှအောင်)၊ (ဦးစောလှ-ဒေါ်လှဝင်း)၊ ဦးဖေအောင်-(ဒေါ်မြသန်း)တို့၏ညီမ၊(ဗိုလ်သောင်း)၊(ဦးအောင်ထွန်း)၏ဇနီး၊ (ဒေါ်ခင်မာဦး)၊ ဦးစိုးဝင်း-ဒေါ်ခင်မာစိုး၊ (ဦးလင်းရောင်)၊ ဦးဌေးအောင်-ဒေါ်ချိုချို၊ (ဦးနေအောင်)၊ဦးထင်အောင်-ဒေါ်သီတာဝင်း၊ ဦးနိုင်လင်း-ဒေါ်ကြည်ကြည်မာတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁၇-၄-၂၀၀၄ရက်နံနက်၉း၁၀နာရီတွင် ကွယ်လွန်ပါ၍၁၉-၄-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ဒလမြို့ ခနိတောသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးလှိုင်(၈၂)နှစ်
သပြု(ကမ္ဘာအေး)

သပြုရွာ (ဦးဆင်-ဒေါ်စောညွန့်)တို့၏သမီးထွေး၊ ဒေါ်မမကြီး၊ဦးလှဖေ၊ ဒေါ်ပို၊ ဦးအောင်လှ၊ ဦးထွန်းမင်း၊ ဦးထွန်းလွင်၊ ဒေါ်အေးလှ၊ ဒေါ်အေးမြ၊ ဦးစံမြင့်)တို့၏ ညီမ၊ အမှတ်(၁၀)နေသိဒ္ဓိလမ်း၊ အမှတ်(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်အေး (အထက-၃၊ မြောက်ဥက္ကလာပ)၏ ချစ်လှစွာသော ဒေါ်လေးသည် ၁၇-၄-၂၀၀၄၊မြန်မာနှစ်ဆန်းတစ်ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၉-၄-၂၀၀၄(တနင်္လာနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးတင်မောင်(ခ)ဦးပေါက်စ
အသက်(၅၂)နှစ်
ဗဟိုစံပြငါးဈေးကြီး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၈)နေ (ဦးပိန်-ဒေါ်ငွေရှိန်)တို့၏သား၊ ဒေါ်စောရင်၏ သားသမက်၊ ဒေါ်ခင်ပြုံးပြုံး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှရွှေ(ခ)ဇော်နီ ရှရာဇီး-ဂိုးလ်တဂျ်၊ ဦးဂျော်နီ-ဒေါ်ခင်အေးမြင့်၊ ဦးဝင်းမြိုင်-ဒေါ်ခင်လှတို့၏ ညီ/မောင်၊ ဦးတင်ဝင်း၊ ဦးခင်မောင်-ဒေါ်သိန်းသိန်း၊ဦးကိုကိုကြီး-ဒေါ်တင်လှ၊ ဦးမြင့်အောင် - ဒေါ်ခင်မြတို့၏ အစ်ကို၊ မောင်ဇော်လင်းမောင် (1st Year History)၊ မောင်ဇော်ဝင်းမောင်တို့၏ ဖခင်သည် ၇-၄-၂၀၀၄(စနေနေ့) နံနက် ၅း၂၀နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းတည့်၁၂ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဇော်ထွန်းဦး (၃၆)နှစ်
(ဒဂုံညွန့်ဈေး)
(စိန်ရတနာရွှေဆိုင်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ လှော်ကားလမ်း၊ (၅၇)ရပ်ကွက်၊ အမှတ် (၁၅၆၀)နေ ဦးသိန်းထွန်း-ဒေါ်ဌေးရီတို့၏သား၊ ကိုတင်မြင့်-မခင်မျိုးလွင်၊ (မောင်မျိုးဇင်)၊ မောင်နေမျိုးထွန်း၊ မကြည်ကြည်ထွန်းတို့၏ အစ်ကိုသည် ၁၆-၄-၂၀၀၄(သောကြာနေ့) နံနက် ၂း၄၅နာရီတွင်ကွယ်လွန်ပါ၍ ယင်းနေ့တွင်ပင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Suan Lian Sian Saang
(ခ)မောင်ရှိုင်းအောင်လွင်
အသက်(၁)နှစ် (၆)လ

ရန်ကုန်မြို့နေ Pu Lun Cin Kham-Pi Cing Kho Vungတို့၏မြေး၊ ၊ Lia Ciin Lam Niang – Nu Ciin Nuam Cing - Pa Khup Sian Mung (ကိုမွန်သောင်)၊ Pa Kham Khan Suan(ပန်းချီကျော်ကျော်ဦး)– Nu Go Khan Cing ၊ Tg Kham Lian Thawng(ပန်းချီအိုဦးထောင်)၊ Lia Ciin Suan Cing၊ Man Lam Ciinတို့၏တူ၊ လှိုင်မြို့နယ်(၉)ရပ်ကွက်၊ စိန်နဂါးတိုက် အခန်း(၄၀)နေ Pa John-Nu Nel Lian Mangတို့၏ ချစ်လှစွာသောသား၊ Lia Vung Sian Cing ၊ Lia Vung Sian Deih Cing တို့၏ မောင်လေးသည် ကလေးဆေးရုံကြီး၌ ၁၆-၄-၂၀၀၄ရက် ၇း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၄-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သင်္ချိုင်း၌ ဝတ်ပြုဆုတောင်းပြီး သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်နှင့် ဇေမာန္တလဘုရားကျောင်းရှေ့မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁၂-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားသော ဗိုလ်မှူးချုပ်ခင်အောင်(ရေ-ငြိမ်း) နာမကျန်းဖြစ်စဉ်နှင့် ၁၄-၄-၂၀၀၄ရက်ဈာပနအခမ်းအနားတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီစောင့်ရှောက်ကြသော အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ တပ်မှူးနှင့်တကွပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် အကြပ်စစ်သည် အရပ်သားဝန်ထမ်းများ၊ တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)မှ တပ်မှူးနှင့်တကွ အရာရှိအရာခံအကြပ်စစ်သည် အရပ်သားဝန်ထမ်းများ၊ တပ်မတော်ရေမှ အရာရှိကြီးများ အရာရှိအရာခံအကြပ်စစ်သည်များ၊ မိဝမ်းရွှေသဇင်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာများနှင့်ဝန်ထမ်းများ၊ နှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့် လိုက်ပါပို့ဆောင်ကြသူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်လန်(၉၅)နှစ်
(မြိတ်)

မြိတ်မြို့၊မြစ်ငယ်ရပ်၊ဗဟိုလမ်း၊အမှတ် ၄၀နေ(ဦးဘဟုန်)-ဒေါ်စိုးဖိန်တို့၏ ညီမ ဒေါ်ငန်၊ ဦးဘရှင်တို့၏ အစ်မ၊ ဦးသန်းလွင်-ဒေါ်သိန်းသိန်းရီတို့၏ မွေးစားမိခင်၊ ဦးရဲမြင့်ဦး-ဒေါ်ခင်မြင့်၊ Dr.အေးငွေ-ဒေါ်သန်းသန်းရီ၊ ဦးခွန်ယု-ဒေါ်ခင်မြင့်တင်၊ ဦးသန်းစိုး-ဒေါ်ခင်မူတို့၏ အဒေါ် ဖွားလန်သည် ၁၆-၄-၂၀၀၄ (သောကြာနေ့)နံနက် ၁၀း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၈-၄-၂၀၀၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသိန်းဝင်း(သိန်းဝင်းကြီး)
အသက်(၅၂)နှစ်
အကြီးတန်းသတင်းထောက် (ကြေးမုံသတင်းစာတိုက်)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ (၁၀)လမ်း၊ အမှတ်(၁၀၃၄)နေ (ဦးဖုန်)-ဒေါ်ကြည်ညွန့်တို့၏ သားကြီး၊ ဒေါ်စန်းစန်းဝင်း၏ ခင်ပွန်း၊ဦးအောင်မြင့်-ဒေါ်စန်းစန်းမြင့်၊ ဦးမြသန်း(မြန်မာ့အလင်း-ငြိမ်း)-ဒေါ်စန်းစန်းရီတို့၏အစ်ကိုကြီး၊ ဗိုလ်ကြီးရဲထွဋ်ဝင်း၊ မငြိမ်းငြိမ်းလတ် (န-တ-လ ဦးစီးဌာန)၊ မောင်အောင်ဖြိုးဇင်တို့၏ဖခင်သည် ၁၇-၄-၂၀၀၄(စနေနေ့) နံနက် ၁၁း၄၅နာရီတွင်မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၀၄(တနင်္လာနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးစိုးမြင့်(ခ)ဦးကောက်
အသက်(၇၂)နှစ်
(မော်ကျွန်း)

မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ်(၂၅)၊မဟာဗန္ဓုလ(၂)လမ်း၊(၅)ရပ်ကွက်နေ (ဦးစစ်ကောင်း-ဒေါ်ကြင်ခိုင်)တို့၏ သား၊ (ဦးအုန်းခိုင်-ဒေါ်ထွေး)တို့၏ သားသမက်၊ (ဒေါ်လှကြင်)၏ ခင်ပွန်း၊ ဒေါ်ပု၏မောင်၊ ဒေါ်ယု၊ ဦးဝင်းမြင့်-ဒေါ်တင်အေး၊ ဦးကျော်မြင့်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ကုန်ဈေးတန်းလမ်းနေ ဦးသန်းမြင့် - ဒေါ်ခင်မေအေး (ကောင်းမြတ်ရတနာရွှေဆိုင်)၊ ဦးအောင်ဆန်းမြင့် - ဒေါ်ခင်ညို၊ မော်ကျွန်းမြို့နေ ဒေါ်ခင်လေးရီ၊ ဒေါ်ခင်ခင်အေး၊ တာမွေမြို့နယ်၊ အမှတ် (၂၆၀)၊ကျိုက္ကဆံလမ်းနေ ဒေါက်တာဇော်မြင့်-ဒေါ်နန်းကျိန်းတို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၇-၄-၂၀၀၄(စနေနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် တာမွေမြို့နယ်၊ အမှတ်(၂၆၀)၊ ကျိုက္ကဆံလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကျိုက္ကဆံလမ်းနေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
ဦးမောင်မောင်တင်(၃)
အသက်(၆၇)နှစ်
အကောက်ခွန်မှူး(ငြိမ်း)

ရာသက်ပန်အသင်းဝင် ဦးမောင်မောင်တင်(၃)သည် ၁၆-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေး မွတ်စလင်သုသာန်၌ သဂြိုဟ်ပြီးစီးကြောင်း အသင်းဝင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဒေါ်သင်းသင်းကြည်
အသက်(၃၈)နှစ်
B.A. Myanmar
စိန့်မေရီကျောင်းသူဟောင်း

ရန်ကုန်မြို့နေ (ဦးစန်း)-ဒေါ်ကျင်လွမ်းတို့၏သမီးချွေးမ၊ (ဦးသင်း-ဒေါ်ကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၂၄)၊ ၆လွှာ၊ သင်္ဂဟလမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးအောင်စန်း၏ ဇနီး၊ မကြည်မွေ့မြတ်နိုးဦး(VIII-B၊အထက-၃၊ဒဂုံ)၊ မောင်ဖြိုးပြည့်စုံဦး (IV-A၊ အထက-၃၊ဒဂုံ)တို့၏မွေးသမိခင် ဒေါ်သင်းသင်းကြည်သည် ၁၇-၄-၂၀၀၄ရက် မွန်းလွဲ ၁း၃၅နာရီတွင် ကန်သာယာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းရင်
(ဦးကြူးခွေ)
အသက်(၆၆)နှစ်
ရေတာရှည်

(ဦးတိတ်စိန်-ဒေါ်ဖိယား)တို့၏ သား၊ (ဦးရှိန်-ဒေါ်မြရီ)တို့၏ သားသမက်၊ ရေတာရှည်မြို့၊ (၄) ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းနေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ကိုထွန်းထွန်းဦး-မခင်မေစီ၊ မမျိုးမျိုး ထွန်း၊ ကိုညီညီထွန်း၊ မမေတိုးယဉ်တို့၏ ဖခင်၊ မယမင်းအောင်၏ အဘိုးသည် ၁၆-၄-၂၀၀၄ (သောကြာနေ့) ည၁၀း၃၅ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၈-၄-၂၀၀၄ (တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသိန်းဝင်း(သိန်းဝင်းကြီး)
အသက်(၅၂)နှစ်
အကြီးတန်းသတင်းထောက်
(ကြေးမုံသတင်းစာတိုက်)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ(၁၀)လမ်း၊ အမှတ်(၁၀၃၄)နေ (ဦးဖုန်)-ဒေါ်ကြည်ညွန့်တို့၏ သားကြီး၊ (ဦးဖေသွယ်-ဒေါ်စိုးသင်)တို့၏ သားသမက်၊ ဒေါ်စန်းစန်းဝင်း၏ ခင်ပွန်း၊ ဗိုလ်ကြီးရဲထွဋ်ဝင်း၊ မငြိမ်းငြိမ်းလတ် (န-တ-လ ဦးစီးဌာန)၊ မောင်အောင်ဖြိုးဇင်တို့၏ဖခင်၊ ဦးမောင်မောင်စိုး - ဒေါ်ခင်ခင်ဆွေ (ပြည်မြို့)၊ ဦးသက်ဝင်း(M.E.P.E၊ ရွှေပြည်သာမြို့)-ဒေါ်သန်းသန်းမြင့်၊ ဦးထွန်းထွန်း(လျှပ်စစ်)-ဒေါ်အုံးရင်၊ ဦးဝင်းနိုင်-ဒေါ်လှလှဝင်း၊ ဦးစိန်ထွန်း - ဒေါ်ခင်ခင်မော်၊ (ဦးဝင်းမြင့်)-ဒေါ်စပယ်တို့၏ညီ/အစ်ကိုဖြစ်သူ ဦးသိန်းဝင်းကြီးသည် ၁၇-၄-၂၀၀၄ရက်(စနေနေ့) နံနက် ၁၁း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
မောင်ရှိုင်းအောင်လွင်(ခ)
Suan Lian Sian Saang
အသက်(၁)နှစ်(၆)လ

ရန်ကုန်မြို့နေ ဦးမောင်လှ-ဒေါ်ရင်ရင်မေတို့၏မြေး၊ မနွယ်နွယ်၊ မောင်ကျော်စွာလွင်၊ မောင်ဉာဏ်ဝင်း၊ မောင်အောင်ကြီး၊ မောင်ဇော်ကြီးတို့၏ တူလေး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ စိန်နဂါးတိုက်၊ အခန်း(၄၀)နေ ဦးစိန်လွင်-ဒေါ်နယ်လီမန်းတို့၏ ချစ်လှစွာသောသား၊မပိုးနန္ဒာလွင်၊ မပိုးသန္တာလွင်တို့၏ မောင်သည် ကလေးဆေးရုံကြီး၌ ၁၆-၄-၂၀၀၄ ရက်၇း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၄-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေး ခရစ်ယာန်သင်္ချိုင်း၌ ဝတ်ပြုဆုတောင်းပြီး သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်နှင့် ဇေမာန္တလဘုရားကျောင်းရှေ့မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဗိုလ်မှူးချုပ်စိန်လွင်(ငြိမ်း)
အသက်(၈၁)နှစ်

၉-၄-၂၀၀၄ရက်တွင်ကွယ်လွန်သွားသော ဗိုလ်မှူးချုပ်စိန်လွင်(အငြိမ်းစား) နာမကျန်းစဉ်က မေတ္တာဖြင့်အဘက်ဘက်မှ ကူညီစောင့်ရှောက်ခဲ့သူ များအားလည်းကောင်း၊ ကုသပေးသော (SSC)မှဆရာဝန်ကြီးများနှင့် အမှုထမ်းများအားလည်းကောင်း၊ ရန်ကုန်ဆေးရုံကြီးမှဆေးရုံအုပ်ကြီးနှင့် (ICU)မှ ဆရာဝန်ကြီးများနှင့်သူနာပြုဆရာမများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှကူညီပံ့ပိုး စုံစမ်းမေးမြန်းခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဇရပ်၊ သိမ်၊ ကျောင်း၊ရဟန်းအမကြီး
ဒေါ်ရီရီ (မိုးကုတ်ယောဂီ)
အသက်(၇၆)နှစ်
ယာဉ်/စက် ကုန်သွယ်ရေး (အငြိမ်းစား)
(ရေကျော်)

ရန်ကုန်မြို့၊ ရေကျော်၊နှင်းပန်းလမ်း၊ အမှတ်(၇)နေ (ဦးမူတူး-ဒေါ်သုန်)တို့၏သမီး၊(ဦးအောင်သိန်း)-ဒေါ်မမလေး၊ (ဦးပု၊ အငြိမ်းစားညွှန်မှူး၊ ဗဟိုစာရင်းရုံး)၊ (ဒေါ်မမလေး)၊ (ဦးအောင်ငြိမ်း-ဒေါ်ချိုချို)တို့၏ ညီမ၊ (ဦးကြည်လွင်၊ အငြိမ်းစား၊ ဗဟိုစာရင်းရုံး)-ဒေါ်တင်ရီတို့၏အစ်မ၊ ဦးသောင်းညွန့်၊ ဦးရွှေတိုးသိန်း-ဒေါ်ခင်စန်းတို့၏ အဒေါ်၊ ဒေါ်မူမူလွင် (Certified Public Accountant &Auditor Auditor,FAA Group,FMI Centre)၊ဦးမင်းလွင် (B.Eco)-ဒေါ်ဥမ္မာဝင်း၊ ဒေါက်တာစမ်းစမ်းလွင် (ရန်ကုန်ကလေးဆေးရုံကြီး)-ဒေါက်တာကျော်ကျော်ဦး (ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး)တို့၏ ကြီးကြီးမေမေ၊ ငြိမ်းငြိမ်းဝင့်၊ ၄ဝါသွဲ့၊ အောင်မျိုးဟိန်း၊ ဆုမြတ်လွင်တို့၏ ဘွားဘွားသည် ၁၆-၄-၂၀၀၄ (သောကြာနေ့) မွန်းလွဲ၃နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၇ နာရီ မှ ၁၀ နာရီအထိ အထက်ပါ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းညွန့်
အသက်(၇၇)နှစ်

တောင်ငူမြို့နေ (ဦးထွန်းကျော်-ဒေါ်သိန်း)တို့၏သမီး၊ ဒေါ်အေးကြည်၏ညီမ၊ ရန်ကုန်မြို့၊ အမှတ်(၄၇)၊ ဘိုကလေးဈေးလမ်း၊ အပေါ်ဆုံးထပ်၊ အခန်း(၄)နေ ဦးရွှေ၏ ဇနီး၊ ဒေါ်ထားထားဦး-ဦးကျော်မြင့်လွင်တို့၏ မိခင်၊ မောင်ရဲမြင့်ဦး၊(မောင်အောင်ကျော်ဦး)တို့၏အဘွား ဒေါ်သန်းညွန့်သည် ၁၇-၄-၂၀၀၄(စနေနေ့)ညနေ ၄း၃၀နာရီတွင်ကွယ်လွန်ပါသဖြင့် ၁၉-၄-၂၀၀၄ ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစံမြင့်
အသက်(၆၀)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၅ရပ်ကွက်၊ သီဂီ(၃လမ်းတောင်၊ အမှတ်(၂၃၅)နေ (ဦးဖိုးကျော်-ဒေါ်နု)တို့၏သားသမက်၊ (ဦးသန်းမောင်-ဒေါ်မိ)တို့၏သား၊ (ဒေါ်သန်းရင်)၏ခင်ပွန်း၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်နေ ဦးမြသောင်း-ဒေါ်ခင်ရီတို့၏ ညီ၊ ဦးရွှေကျိုးတင်-ဒေါ်အေး၊ သာကေတမြို့နယ်၊ (၁)ထူပါရုံရပ်ကွက်နေ ဦးအောင်မြင့်-ဒေါ်နီနီတို့၏အစ်ကို၊ ကိုမောင်မောင်ဦး (ကြေးမုံသတင်းစာတိုက်)-မကြည်ကြည်မိုး၊ မောင်ဇော်နိုင်ဦး-မစန်းစန်းနု၊ မောင်သန်းမြင့်-မစန်းစန်းနွယ်၊ မောင်ဇေယျာလင်း-မဥမ္မာခင်တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၁၇-၄-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်လှဲ့လှဲ့ဝင်း
အသက်(၄၇)နှစ်
M.Sc (Zoology)
သရုပ်ပြဆရာမ(ငြိမ်း)
သတ္တဗေဒဌာန

ရန်ကုန်မြို့၊ အမှတ်(၉၈)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်နေ ဦးချို-ဒေါ်လှဝင်းတို့၏ သမီးထွေး၊ ဒေါ်စန်းစန်းဦး(ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)၊ ဦးမြင့်ဦး-ဒေါ်ဝင်းဝင်းအေးတို့၏ ညီမသည် ၁၇-၄-၂၀၀၄(စနေနေ့)နံနက်၈း၁၃နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၀၄(တနင်္လာနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဦးကျော်လှ
အသက်(၈၂)နှစ်
(စစ်တွေမြို့)

မင်းပြားမြို့နယ်နေ (ဦးမောင်ဦးကျော်-ဒေါ်လှသန္တာ)တို့၏ သား၊ ဦးမောင်သာထွန်း-ဒေါ်မြသိန်း၊ ဦးသာထွန်းအောင်၊ ဒေါ်မအောင်သာ-(ဦးစိန်ညွန့်)တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၄)ရပ်ကွက်၊ ယောမင်းကြီး(၄)လမ်း၊ အမှတ်(၁၀၄၄)နေ (ဒေါ်စိုးသာ)၏ခင်ပွန်း၊ (ဒေါ်ဦးခင်လှ)-ဦးကျော်ဇံမောင်(ကျန်းမာရေးမှူး-ငြိမ်း)၊ ဒေါ်လှအေးခင်(မန်နေဂျာ၊ မြန်မာ့ကြံလုပ်ငန်း)၊ ဒေါ်ခင်စိုးလှ(ခ) ဒေါ်ဘူလေး-ဦးအောင်ကျော်စိန် (ဦးစီးမှူး၊သမဝါယမဦးစီးဌာန၊ ဗိုလ်တထောင်မြို့နယ်)၊ ဒေါ်မလုံး(ခ)ဒေါ်လှကျင်-ဦးစိုးလင်း၊ ဦးစိုးရွှေ(ခ)ဦးစောဝင်း-ဒေါ်မခိုင်တို့၏ ဖခင်၊ မြေး၁၀ယောက်တို့၏ အဘိုးရှင်သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)နေအိမ်၌ ၁၇-၄-၂၀၀၄ (စနေနေ့) နံနက်၃နာရီတွင် ကွယ်လွန်ပါ၍ ၁၉-၄-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညိုဝင်း(ခ)
စာရေးဆရာတက္ကသိုလ်မင်းညို
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရဝဏ်ရိပ်သာ(၁)လမ်း၊ အမှတ်(၂)နေ (ဦးတင်-ဒေါ်ဝေ)တို့၏သား၊ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဦးထန်ခန်းနား၊ ဦးဝင်းမြင့်-ဒေါ်သန်းသန့်ဇင်၊ ဦးအောင်ကျော်-ဒေါ်သီတာစိန်၊ ဦးသောင်းထွန်း [ဌာနခွဲ(၄)၊မထသ]-ဒေါ်မြမြစန်း(အထက-၃၊ ကမာရွတ်)၊ ဒေါ်စုစုဝင်း(အမက-၁၆၊ စမ်းချောင်း)၊ ဒေါ်နုနုဝင်း(အမက-၁၈၊ လှိုင်)-ဒေါက်တာသက်အောင်၊ ဦးကျော်ထွန်းတို့၏ မွေးသဖခင်သည် ၁၆-၄-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
တပ်ကြပ် Kep Mang
အသက်(၄၉)နှစ်
(ကဲပ်မန်း)၊ဟားခါး

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ကျော်ဘုတ်ရပ်ကွက်နေ Pu Hnawn Ling၊ Pi Tawk Parတို့၏ သား၊ (Pi Ngun Nawn)၊ Pu Ral Awi၊ Pi Dawt Hlei ၊ Pu Khua Kan၊ Pi Si Cuai တို့၏ ညီ/မောင်၊ Pu Biak Peng၏ အစ်ကို၊ Pa Bawi Lian၊ Pa Joshua Kyaw Kyaw Latတို့၏ မွေးသဖခင်၊ Pi Phai Tang၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၄-၂၀၀၄ရက် ရန်ကုန်ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၈-၄-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန် ခရစ်ယာန်သင်္ချိုင်းသို့ ဂူသွင်းသဂြိုဟ်ပါမည်။ (အင်းစိန်ရွာမရဲစခန်းနေအိမ်၊ MITဂိတ်ဝနှင့် ဒဂုံမြို့သစ် (YLBC)မှ ကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပဏ္ဍိတ မဟာထေရ်မြတ်
သိက္ခာတော်(၅၂)ဝါ၊ သက်တော်(၈၁)နှစ်

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ မြသိန်းတန်ဘုရားကြီးကျောင်းတိုက် ပဓာန နာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဖြစ်တော်မူခဲ့သော ဘဒ္ဒန္တ ပဏ္ဍိတမဟာထေရ်မြတ်သည်(၁၃၆၅ခုနှစ် တန်ခူးလဆန်း ၉ ရက်) ၂၉-၃-၂၀၀၄ရက်တွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ် ကဆုန်လဆန်း ၇ ရက်) ၂၅-၄-၂၀၀၄ ရက်တွင် အန္တိမအဂ္ဂိဈာပနပွဲ ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဓမ္မနန္ဒ(အင်းစိန်)
သိက္ခာတော် (၂၅)ဝါ၊ သက်တော်(၆၈)နှစ်

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ဖောင်းတော်ချုပ်ကျောင်းတိုက် (ထော်သိုကျေးရွာအုပ်စု၊သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်)ဘဒ္ဒန္တ ဓမ္မနန္ဒ (ဖောင်းတော်ချုပ်သံဃနာယကအဖွဲ့ဝင်) ဆရာတော်သည် (၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၁ရက်)၊ ၁၅-၄-၂၀၀၄ရက် နံနက် ၉း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် (၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁ရက်)၁၉-၄-၂၀၀၄ရက် မွန်းတည့် ၁၂နာရီ တွင် အန္တိမဈာပနဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ ဖောင်းတော်ချုပ်သံဃနာယကအဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ကြည်(ကျိုက်လတ်)
အသက်(၈၄)နှစ်

ဆရာဦးကျော်လွင် (ညွှန်ချုပ်၊ မွေး/ရေ ဝန်ကြီးဌာန)-ဒေါ်လှိုင်မေသန်းတို့၏မိခင်၊ ဗိုလ်ကြီးကျော်ဌေးလွင်-ဒေါ်ဝင်းဝါတင်စိန်တို့၏အဘွား ဒေါ်ခင်ကြည်သည် ၁၂-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးထွန်းဝင်းမြင့်-ဒေါ်အေးအေးမူ
တောင်ငူ။

ဒေါ်စောပု
အသက်(၈၃)နှစ်
(စစ်တွေ)

စစ်တွေမြို့နေ (ဦးထွန်းဇံဖြူ-ဒေါ်စံဝင်း)တို့၏ သမီး၊ (ဒေါ်စောရင်)၊ (ဒေါ်စောနု)တို့၏ ညီမ၊ (ဦးရွှေထွန်းအောင်) ၏ဇနီး၊ (3/2) A၊ မေတ္တာလမ်း၊ သီရိရတနာရိပ်သာ၊ ဘောက်ထော်၊ သဃ်န်းကျွန်းမြို့နယ်နေ Dr. ဦးမျိုးမြင့်-ဒေါ်ခင်စောဝင်းတို့၏မိခင်၊ မသင်းဖြူနု (ရန်ကင်းပညာရေးကောလိပ်)၊ မောင်ရန်နိုင်ထွန်း (ရန်ကင်းပညာရေးကောလိပ်) တို့၏ အဘောင်ရှင်သည် ၁၂-၄-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးလှ
အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ဘဏ်ရိပ်သာတိုက်၊ အမှတ် (၂၆၈)၊ အခန်း(၃)၊ တိုက်(ဃ)နေ ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း)(မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ-၆)-ဒေါ်ဝင်းဝင်းမော်၊ ဦးမျိုးညွန့်-မပိုတို့၏ မိခင်၊ မောင်အောင်မိုးကျော်၊ မောင်သူရထွန်း၊ မောင်မျိုးဇော်အောင်၊ မောင်ဇေယျာမိုး၊ မသင်းသင်းဦး၊ မောင်ဖိုးလပြည့်တို့၏ အဘွားသည် ၁၆-၄-၂၀၀၄ရက် ည ၈း၃၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်ဇော်ဇော်အောင် (၂၅)နှစ်
(D.S.T.A 5th Intake)

သန်လျင်မြို့နယ်၊ ကျိုက်အင်းကျေးရွာနေ ဦးမျိုးအောင်၊တပ်မတော်(ရေ)(ငြိမ်း) (မြန်မာ့ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း)-ဒေါ်စန်းစန်းနွဲ့တို့၏ ချစ်လှစွာသောသားကြီး၊ မမျိုးနန္ဒာအောင် [(EC) နောက်ဆုံးနှစ်၊ မော်ဘီပညာရေးကောလိပ်]၏ ချစ်လှစွာသော အစ်ကို၊ ဗိုလ်ဇော်ဇော်အောင် (B.E. Mech) သည် ၁၆-၄-၂၀၀၄ရက် နံနက်၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၀၄ ရက် ညနေ၅း၂၀နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ၂၂-၄-၂၀၀၄ရက် နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်စိန်ရီ(ဟင်္သာတ)
အသက်(၈၅)နှစ်
စာတိုက်မှူး(ငြိမ်း)

ဟင်္သာတမြို့နေ (ဦးဘိုးကျား-ဒေါ်သိန်းညွန့်)တို့၏သမီး၊ ဦးသာနိုး၏ညီမ၊ ရန်ကုန် မြို့နေ (ဒေါ်အုန်းရွှေ)၏ညီမ၊ (ဒေါ်သန်းကြည်)၊ (ဦးဘကိုး)၊ ဒေါ်စောရီ(ဦးကြည်ညွန့်)၊ ဦးသန်းလွင်တို့၏အစ်မ ဒေါ်စိန်ရီသည် ၁၆-၄-၂၀၀၄ရက် ည၁၀း၃၀နာရီတွင် အမှတ်(၂၃)၊လွတ်လပ်ရေးလမ်း၊ သဃ်န်းကျွန်းနေအိမ်၌ ကွယ်လွန်ပါသဖြင့် ၁၈-၄-၂၀၀၄ ရက် မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများနံနက်၁၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြူးရင်
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ် (၄၂၀)နေ ကိုခင်အေး၊ ကိုမောင်မောင်-မတူး၊ မမြင့်မြင့်သန်း-ကိုကြည်ဝင်း၊ ကိုကြည်ဝင်း(ပီတာ) - မဌေးဌေးဝင်း၊ ကိုကြည်လင်း(ပေါလ်)၊ ကိုသိန်းဇံ (တူးတူး) - မမြင့်မြင့်ဆွေ (သဃ်န်းကျွန်းပညာရေးကောလိပ်)တို့၏ မိခင်၊ မသန္တာ၊ မခင်မျိုးသူ၊ မနိုနိုကို၊ မောင်မြတ်သွယ်၊ မောင်ဟိန်းထက်အောင်တို့၏ အဘွားသည် ၁၇-၄-၂၀၀၄ (စနေနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညိုဝင်း(ခ)
စာရေးဆရာတက္ကသိုလ်မင်းညို
အသက်(၆၉)နှစ်

မယုဇနခင် B.Sc.(Physics), B.Tech (First Year) ၊ မဆုဝေပိုင် Third Year (English) (U.E.Y), B.Sc [Ngg:(IT)၊Second Year]၊ မသက်စုအောင် Second Year (Y.I.E) ၊ မစိမ့်ရွှေဇင် (အထက-၂၊စမ်းချောင်း)၊ မောင်ကောင်းမြတ်ဟိန်း (အထက-၄၊ အလုံ)၊ မောင်သုတအောင်ကျော်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၆-၄-၂၀၀၄ရက်နံနက်၁၁း၅၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမြေးတစ်စု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်နယ်မြေ မုဆိုးတောင်စေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် တပ်မတော် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် နယ်မြေရှိ မုဆိုးတောင်သို့ နံနက် ၉ နာရီတွင် ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံမွန်၊ကရင်နှင့်ပအိုဝ်း တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဘုရားဖူးလာပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နံနက် ၉နာရီ ၁၅မိနစ်တွင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်နယ်မြေရှိ မုဆိုးတောင်စေတီရင်ပြင် မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် မုဆိုးတောင် စေတီ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ရွှေထီးတော်ကို တင်လှူပူဇော်သည်။

အဆိုပါ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ မွန်ပြည်နယ် ကျိုက်ထိုမြို့ မာရ်အောင်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇောတိကာလင်္ကာရနှင့် ကျိုက်ထီးဆောင်း ဆရာတော်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

မြန်မာနိုင်ငံနှင့်ကမ္ဘာသူ၊ကမ္ဘာသားများ အေးချမ်းစေရန် ဆရာတော်ကြီးများ ဝေဟင်မှ ပရိတ်ရေများဖြင့် ပက်ဖျန်း

ရန်ကုန် ဧပြီ ၁၇

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မဟာဗောဓိ စာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ အမှူးပြုသော ဆရာတော်များသည် မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ်၊ ယနေ့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့၏ ဝေဟင်တစ်ခွင်မှ မြန်မာနိုင်ငံ ပြည်သူများနှင့်တကွ ကမ္ဘာသူ၊ ကမ္ဘာသားများ ထာဝစဉ် အေးချမ်းစေကြောင်း အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဆိုပွားများကြပြီး ပရိတ်ရေများဖြင့် ပက်ဖျန်းကာ မေတ္တာပို့ အမျှပေးဝေကြသည်။ (သတင်းစဉ်)

တင်လှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် နယ်မြေရှိ မုဆိုးတောင်စေတီ ရွှေထီးတော်ဘုံ အဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

ရန်ကုန်–စစ်တွေကားလမ်းမကြီး၏ ကုန်စည်စီးဆင်းမှုနှင့်လုံခြုံချောမွေ့မှုတစ်ဆင့်မြှင့် ရခိုင်ပြည်နယ်အတွက် ၂၉စင်းမြောက်ဖြစ်သော နာရီကန်တံတားဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၁၇

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရန်ကုန်–စစ်တွေ ကားလမ်းမကြီးပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၀)က တာဝန်ယူ တည်ဆောက်ပြီးစီးသွားသည့် နာရီကန်ချောင်းအား ဖြတ်ကျော်တည်ဆောက်ထားသော နာရီကန်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါ တံတားတည်ရှိရာ စစ်တွေမြို့နယ် နာရီကန်ကျေးရွာအနီးရှိမင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက် အမှာစကားပြောကြားပြီး မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

နာရီကန်တံတားဖွင့်ပွဲ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစံရွှေနှင့် ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေး

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✧

နာရီကန်တံတား

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ နာရီကန်တံတားကို တွေ့ရစဉ်။

(သတင်းစဉ်)